ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 2 October 2025 ၁၁၉၅၈

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

## လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်သူ့လုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန်နှင့် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများအတွင်း ကြည့်ရှုစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ယနေ့ ဖတ်စရာ

**မဲစာရင်းတွင် အမည်ပါရှိရေးဆောင်ရွက်ရန် အချက်များ**

စာမျက်နှာ » ၇

**အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပ**

စာမျက်နှာ » ၈

**ကျောင်းသည် ရပ်ရွာ၏ ဥပစာ ဆရာသည် လူထု၏ အားကိုးရာ ...**

ဆောင်းပါး စာမျက်နှာ » ၁၁

**မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း**

စာမျက်နှာ » ၁၃

ကြေးမုံ

# ပါတီစုံဒီမိုကရေစီစနစ်လျှောက်လှမ်းရန် မဲဆန္ဒရှင်ပြည်သူများပါဝင်ဆောင်ရွက်

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရန်အတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိရာ ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာလ ၃၀ ရက်နေ့မှ အောက်တိုဘာလ ၁၃ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ် ကပ်ထားကြေညာပေးမည်ဟု အသိပေးထားသည်။ သို့ဖြစ်ရာ စက်တင်ဘာလ ၃၀ ရက်နေ့မှစတင်၍ နိုင်ငံတစ်ဝန်းရှိ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုများရှိ မဲဆန္ဒရှင်စာရင်း အသိပေးထုတ်ပြန်ထားသည့်နေရာအသီးသီးတွင် မိမိတို့၏မဲဆန္ဒရှင်အမည်စာရင်းပါဝင်မှုကို လာရောက်ကြည့်ရှုနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံအတွင်း၌ ရပ်ကွက်/ကျေးရွာအုပ်စုများ အမြောက်အမြားရှိသဖြင့် အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ကွက်/ကျေးရွာအုပ်စုများတွင် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားခြင်းမရှိပါက သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်စာရင်းများ ကြည့်ရှုနိုင်ရေး ဆောင်ရွက်ပေးထားသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာပေးထားစဉ် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းများကို လာရောက်ကြည့်ရှုကြမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းများကို ရရှိနိုင်မည်ဖြစ်သည်။ မဲဆန္ဒရှင်ဆိုသည်မှာ နိုင်ငံ့အကျိုးကိုထမ်းရွက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား မှန်မှန်ကန်ကန် ရွေးချယ်ပေးရမည့်သူများဖြစ်၍ တိုင်းပြည်အတွက် အရေးပါသောပုဂ္ဂိုလ်များဖြစ်သည်။

မဲဆန္ဒရှင်များသည် လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်သူများဖြစ်သည်။ ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူအားလုံးပါဝင်သည်။ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး မိမိ၏အမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုနိုင်သည်။ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်းလည်း ပြုလုပ်နိုင်သည်။ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါကလည်း ပုံစံ(၄-ဂ)ဖြင့် ပြင်ဆင်လွှာ တင်သွင်းခြင်းတို့ကိုလည်း ဆောင်ရွက်ပေးစေလိုသည်။ သို့မှသာ နိုင်ငံသားတာဝန် ကျေပွန်မည်ဖြစ်သည်။

မဲဆန္ဒပေးခြင်းနှင့်ပတ်သက်၍ လိုအပ်သောပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ရုံးများတွင် အခမဲ့(အခမဲ့)ရယူနိုင်ပါသည်။ ထိုသို့ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ရွေးကောက်ပွဲကော်မရှင်က ထပ်မံအသိပေးကြေညာပေးမည်ဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လိုအပ်သောတောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်သေးသည်။ အကယ်၍ အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိသည့်နေရာတွင် မဲပေးနိုင်ရေးအတွက် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး အမြဲတမ်းနေရပ်တွင် မဲပေးလိုခြင်းမရှိသည့်သူသည် မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးပါရန် တောင်းဆိုလွှာပုံစံ(၃-က) ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားနိုင်ကြောင်း သိရသည်။

သို့ဖြစ်ရာ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်ပြည်သူများ၏ အခန်းကဏ္ဍသည် ဦးစွာအရေးကြီးဆုံးလုပ်ငန်းစဉ်ဖြစ်ရာ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်း ရရှိရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး တစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

**၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊**

**၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊**

**၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊**

**၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။**

## ဒစ်ဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းဖွင့်

ပုဂံ အောက်တိုဘာ ၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယွန်းပညာကောလိပ်တွင် ဒစ်ဂျစ်တယ်အသိပညာ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကောလိပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ယွန်းပညာကောလိပ်ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဦးစီးအရာရှိ ဒေါ်ခင်ခင်လေးက သင်တန်းတွင် အွန်လိုင်းစနစ်ဖြင့် ကုန်ပစ္စည်းများ ရောင်းချရာတွင် ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ရေးဆွဲထားသည့် ssid website ဝင်ရောက်ပုံနှင့် အသုံးပြုနည်းများ၊ လုပ်ငန်းမှတ်ပုံတင်နှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် Online Registration လျှောက်ထားပုံအဆင့်ဆင့်တို့ကို အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၂၀ တို့အား ရှင်းလင်းပို့ချခဲ့ကြကြောင်း သိရသည်။ **ဒီပါလင်း**

### ၁ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**○ ရှေ့ဖုံးမှ**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်တရဂုဏ်ပြုသောအားဖြင့် (၁)မိနစ် ငြိမ်သက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် **"ပြည်သူ့ရဲတပ်ဖွဲ့"** ဟုခေါ်ဝေါ်သတ်မှတ်ခဲ့ပြီး ရဲတပ်ဖွဲ့နေ့အဖြစ် စတင်သတ်မှတ်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ **"မြန်မာနိုင်ငံရဲတပ်ဖွဲ့"** ဟု ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် **"သစ္စာ၊ သမာဓိ၊ သတ္တိ"** ဆိုသည့်ဆောင်ပုဒ်ကို ဦးထိပ်ပန်ဆင်ထားပြီး ပြည်သူ့အကျိုးစီးပွားကို ပိုမိုဆောင်ကြဉ်းနိုင်သည့် ရဲတပ်ဖွဲ့ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိလာသည်မှာ ယခုအခါ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ယနေ့ကာလတွင် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ် အောင်မြင်စေရေး အလေးထားဆောင်ရွက်လျက်ရှိပြီး တပ်မတော်၊ ပြည်သူတို့နှင့်အတူ အကြမ်းဖက်မှုချေမှုန်းရေးကိုလည်း ပိုမိုလက်တွဲပူးပေါင်းဆောင်ရွက်ရန် အလေးထားသွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် (၄)ရပ်နှင့် **ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းတာဝန်(၆)ရပ်ကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်**သွားကြရမည်ဖြစ်ကြောင်း။

**☆ ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းတာဝန် (၆) ရပ်ကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်**

**☆ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေရခြင်းဖြစ်သဖြင့် ရဲတပ်ဖွဲ့ဝင်များသည် ရဲတပ်ဖွဲ့၏ လုပ်ငန်းပိုင်းဆိုင်ရာအရည်အချင်း၊ အရည်အသွေးများအပြင် ပြည်သူ့ဆက်ဆံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း နားလည်ကောင်းမွန်နေဖို့လို**

### ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံ

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြန်မာနိုင်ငံဒေသအနှံ့အပြားက ပြည်သူများအကြားတွင် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ပြည်သူများ၏ လူနေမှုဘဝတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ **ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေရခြင်းဖြစ်သဖြင့် ရဲတပ်ဖွဲ့ဝင်များသည် ရဲတပ်ဖွဲ့၏ လုပ်ငန်းပိုင်းဆိုင်ရာအရည်အချင်း၊ အရည်အသွေးများအပြင် ပြည်သူ့ဆက်ဆံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း နားလည်ကောင်းမွန်နေဖို့**လိုကြောင်း။

ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံများတွင် ရွေးကောက်ပွဲသည် အဓိကအကျဆုံး ဒီမိုကရေစီကျင့်စဉ်တစ်ရပ်ဖြစ်ကြောင်း၊ ယခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို စတင်ကျင်းပပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ပြည်သူများလိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်ကပြန်လည်ဖော်ဆောင်ခိုင်မာစေပြီး ပြည်သူ့လက်ကို အရောက်အပ်နှင်းတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်သူ့လုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန်နှင့် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ပေးကြရန်** မှာကြားလိုကြောင်း။

နိုင်ငံဖြတ်ကျော် မှုခင်းများသည် နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း၊ အဆိုပါမှုခင်းများကို နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမဟုတ်သည့်အတွက် နိုင်ငံများအကြားပေါင်းစပ်ညှိနှိုင်း ချိတ်ဆက်တုံ့ပြန်မှုနှင့် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသအဆင့် ကြိုးပမ်းဆောင်ရွက်မှုများအနေဖြင့် ဒေသဆိုင်ရာရဲအဖွဲ့များ ဖွဲ့စည်းပြီး နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးကို ဆောင်ရွက်ပေးနေသကဲ့သို့ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း။

**စာမျက်နှာ ၄ သို့ ○**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် တစ်ဦးအား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် တစ်ဦးအတွက် ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။

○ စာမျက်နှာ ၃ မှ

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အတွင်း မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သူ တရားခံ ၅၁၁၅ ဦးကို စုစုပေါင်းတန်ဖိုးငွေကျပ် ၉၇၇ ဘီလီယံကျော်ရှိသည့် မူးယစ်ဆေးဝါး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ **ယခုကဲ့သို့ကမ္ဘာကို ဒုက္ခပေးနေသည့် မူးယစ်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ချီးကျူးဂုဏ်ပြု**သည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင် ယခင်က ထိန်းချုပ်ဓာတုပစ္စည်း ၃၉ မျိုးကို ထိန်းချုပ်ခဲ့ရာမှ ယခုထိန်းချုပ်ဓာတုပစ္စည်းလေးမျိုး ထပ်တိုးပြီး စုစုပေါင်း ၄၃ မျိုးကို ထုတ်ပြန်ထားကြောင်း၊ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် (၃၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ မီးရှို့ဖျက်ဆီးပွဲတွင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၆၆ မျိုး၊ စုစုပေါင်း ငွေကျပ် ၁၀၇၂ ဘီလီယံကျော်နှင့် အမေရိကန်ဒေါ်လာ ၂၉၇ သန်းကျော် တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြောင်း။

**မူးယစ်ဆေးသည် လူသားမျိုးနွယ်တစ်ခုလုံးကို လူညွှန့်တုံးစေမည့် အန္တရာယ်ဖြစ်သဖြင့် မူးယစ်ဆေးထုတ်လုပ်နိုင်သည့် အရင်းအမြစ်များက အစ ဖော်ထုတ်ရှင်းလင်းသွားနိုင်ရေး ဆောင်ရွက်သွားရမည်** ဖြစ်ကြောင်း၊ မူးယစ်ဆေးကိုအမျိုးသားရေးခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်လာစေရေး ပညာပေးခြင်း၊ ဆန့်ကျင်ခြင်း၊ နှိမ်နင်းခြင်းတို့ကိုလည်း ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်မှာ ယခုအခါ စတုတ္ထ ၅ နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆) ခုနှစ်ကို မဟာဗျူဟာ (၃) ရပ်၊ နည်းဗျူဟာ (၄) ရပ်၊ လုပ်ငန်းကဏ္ဍ(၄)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများအရ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဩဂုတ်လအထိ အမှုပေါင်း ၇၂ မှု စစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူ ကျားသုံးဦးတို့ကို ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ကာ မြန်မာငွေကျပ် ၄ ဒသမ ၆၀၅ ဘီလီယံခန့်ကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ တရားမဝင် အွန်လိုင်းဂိမ်းနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုတို့ကို အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေဖြင့် အရေးယူမှု ၁၆၂ မှု၊ တရားခံ ကျား ၁၈၈၂ ဦး၊ တရားခံ မ ၆၀၉ ဦး စုစုပေါင်း ၂၄၉၁ ဦးကို အရေးယူနိုင်ခဲ့ကြောင်း။

**ရဲတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားမှုများနှင့် တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အမြဲအလေးထားအသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့်ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရင်း အသက်ပေးလှူခြင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း စွန့်လွှတ်သွားခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်၊ ကြိုးပမ်းမှုများအပေါ်တွင်လည်း ဂုဏ်ယူလေးစားပါကြောင်းနှင့် မိသားစုများကိုလည်း အသိအမှတ်ပြု**သည်ကို ပြောကြားလိုကြောင်း။

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့မှ ယနေ့ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့အထိ ရဲသူရတံဆိပ် ငါးဦး၊ ရဲဗလတံဆိပ် ၂၀၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် တစ်ဦး၊ ရဲသူရိန်တံဆိပ် ၁၀ ဦး၊ ရဲကျော်စွာတံဆိပ် နှစ်ဦး အပါအဝင် စုစုပေါင်း ၄၅၈၇ ဦးတို့ကို ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည့်ဒေသများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအနေဖြင့် တပ်မတော်၊ ဒေသခံပြည်သူလူထု၊ သက်ဆိုင်ရာဒေသအလိုက် မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အရေးပေါ်တုံ့ပြန်မှုအား အမြန်ဆုံးဆောင်ရွက်နိုင်ခဲ့သည့်အတွက်လည်း ချီးကျူးဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **"မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်"** ဆိုသည့် မျှော်မှန်းချက်များနှင့် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြရန်၊ ထိုသို့ တည်ဆောက်ရာတွင် ခေတ်မီလက်နက် အသုံးအဆောင်ပစ္စည်းများ စသည်များကို ခေတ်ကာလနှင့် လျော်ညီအောင် နိုင်ငံတော်က တိုးမြှင့်ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီကလည်း အဖွဲ့အစည်းကောင်းတစ်ခု၏ အနှစ်သာရဖြစ်သည့် စွမ်းရည်မြင့်မားရေး၊ အရည်အသွေးပြည့်မီစေရေးတို့အတွက် စဉ်ဆက်မပြတ်လေ့ကျင့်ဖြည့်ဆည်း ဆောင်ရွက်သွားကြရန်၊ ပြည်သူလူထုနှင့် အနီးကပ်ဆက်သွယ်ဆက်ဆံနေထိုင်ရသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပြည်သူ့ဆက်ဆံရေး၊ ပြည်သူ့စည်းရုံးရေးတို့ကို ပြည်သူနှင့် တစ်ဆက်တည်းဖြစ်အောင် ဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့

စာမျက်နှာ ၅ သို့ ○



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးညိုစော စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင် တံဆိပ်ရရှိသူ တစ်ဦး အတွက် ဂုဏ်ထူး ဆောင်ဆု ပေးအပ် ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတပ်ဖွဲ့ဝင်တစ်ဦးအား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစား ရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များနှင့် အနုပညာရှင်များအား နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များနှင့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။






(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

❍ စာမျက်နှာ ၄ မှ

ရည်မှန်းချက်တာဝန် (၄)ရပ်နှင့် လုပ်ငန်းတာဝန် (၆)ရပ်တို့ကို အောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင်လေးဦးအားလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရရှိသူ သုံးဦးအားလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တစ်ဦးနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်ရရှိသူ နှစ်ဦးအားလည်းကောင်း ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ တပ်ဖွဲ့/ဌာနများတွင် အသုံးပြုလျက်ရှိသည့် စက်ကိရိယာများ၊ နည်းပညာဆိုင်ရာပစ္စည်းများ၊ လက်နက်များ၊ ဝတ်စုံများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် ပြခန်းများအတွင်း စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ "မင်္ဂလာသီရိ" ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့်၎င်းတို့၏ ဇနီးများ၊ အနုပညာရှင်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက မိန့်ခွန်းပြောကြားပြီး စံပြရဲအဆင့်တိုးဆုရရှိသူ အရာရှိတစ်ဦး၊ အခြားအဆင့်နှစ်ဦးနှင့် စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိတစ်ဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိ လေးဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး အနုပညာရှင်ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်ဝင်းဗိုလ်က စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့်တစ်ဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့်ကိုးဦး၊ ဒုတိယ ရဲချုပ်(၂) ရဲဗိုလ်ချုပ် မျိုးမင်းထိုက်က ရုံးဝန်ထမ်း ထူးချွန်ဆုရရှိသူ တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆုရ တပ်ဖွဲ့ဝင် ခြောက်ဦး၊ ရဲချုပ်၏ဇနီးက အမျိုးသမီး စွမ်းဆောင်ရှင်ဆုရရှိသူ အမျိုးသမီးတစ်ဦးတို့အား ဂုဏ်ပြုဆုတံဆိပ်များပေးအပ်ချီးမြှင့်ခဲ့ပြီး (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကို ပြသခဲ့ကြောင်း သိရသည်။




**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၏ အမျိုးသားအဆင့် အသင်းအဖွဲ့ဖွံ့ဖြိုးမှုနှင့် ညှိနှိုင်းမှုဆိုင်ရာ Under-Secretary-General Mr. Milton Xavier Castellanos Mosquera အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) ၏ အမျိုးသားအဆင့် အသင်းအဖွဲ့ ဖွံ့ဖြိုးမှုနှင့် ညှိနှိုင်းမှုဆိုင်ရာ Under–Secretary–General Mr. Milton Xavier Castellanos Mosquera အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် IFRC ၏ Under–Secretary–General က မန္တလေးငလျင်ကြီးအပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် IFRC နှင့် MRCS တို့ ပူးပေါင်း၍ အကူအညီပေးအပ်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ IFRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia Khoury၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဟောင်း Dr. Khalid Bin Mohammed Al Attiyah ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရေနံသာခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံ ဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရှေ့တောင် အာရှဒေသတွင် အချက်အချာကျသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စွမ်းအင်သယံဇာတများ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများစွာရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် အလားအလာကောင်းသော ကုန်းပိုင်းနှင့် ကမ်းလွန် လစ်လပ်လုပ်ကွက်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ တူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်းများနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများ အဆင့်မြှင့်တင်တည်ဆောက်ခြင်း လုပ်ငန်းများတွင် ကာတာနိုင်ငံမှ ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရန် ဖိတ်ခေါ်လိုပါကြောင်း၊ ကာတာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပေါကြွယ်ဝပြီး ကမ္ဘာ့အဓိက LNG ထုတ်လုပ်သူနှင့် တင်ပို့သူဖြစ်သဖြင့် LNG ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံကို LNG Trading Hub အဖြစ် ဆောင်ရွက်၍ တရုတ်နိုင်ငံနှင့် အရှေ့တောင် အာရှနိုင်ငံများသို့ လိုအပ်သည့် သဘာဝဓာတ်ငွေ့များကို ပေးပို့ဖြန့်ဖြူးပေးနိုင်မည့် အခွင့်အလမ်းများရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်း Dr. Khalid Bin Mohammed Al Attiyah က ကာတာနိုင်ငံနှင့် အခြားနိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများကို ရှင်းလင်းပြောကြားကာ မြန်မာ–ကာတာ နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဦးစီးဌာန/ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ(၃) ဦးသက်ထွန်းအောင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် မန္တလေးဘဏ်ခွဲအဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ(၃) ဦးသက်ထွန်းအောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးအထူးအဖွဲ့(၆) မှ တာဝန်ယူတည်ဆောက်နေသော မြန်မာနိုင်ငံတော် ဗဟိုဘဏ် မန္တလေးဘဏ်ခွဲ အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ သတ်မှတ်အရည်အသွေး စံချိန်စံနှုန်းကိုက်ညီမှုရှိရေး၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် မန္တလေးဘဏ်ခွဲရှိ ငွေကြေးဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဌာနအလိုက်ရုံးခန်းများနှင့် ငွေစစ်ခန်းများကို ကြည့်ရှုစစ်ဆေးခြင်း၊ အရာထမ်း/အမှုထမ်းများကို တွေ့ဆုံ၍ ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်များ၊ စည်းကမ်းထိန်းသိမ်းရေးပိုင်းဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာဆိုင်ရာကိစ္စရပ်များနှင့် လက်ရှိနယ်မြေလုံခြုံရေးအရ သွားလာနေထိုင်မှုများနှင့်ပတ်သက်၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရေးတို့အား ရှင်းလင်းပြောကြားခြင်း၊ ဌာနအလိုက် လိုအပ်ချက်များ ဖြည့်ဆည်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်မြို့၌ မီးဘေးလုံခြုံမှုရှိစေရေး ကွင်းဆင်းစစ်ဆေး

**ပုသိမ် အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ပေါ်ရှိ New Day စက်သုံးဆီအရောင်းဆိုင်တွင် မီးဘေးလုံခြုံမှုရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်းမီးသတ်ဦးစီးမှူး ဦးကိုကိုဦး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်သူရ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွန်းတို့က ဦးဆောင်၍ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန်နှင့် ဖြစ်ပွားလာပါက အချိန်တိုအတွင်း မီးငြိမ်းသတ်နိုင်စေရေးအတွက် စက်သုံးဆီအရောင်းဆိုင်တွင် တပ်ဆင်ထားသော မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများအား အသင့်အသုံးပြုနိုင်ခြင်း ရှိ/မရှိနှင့် အရေးပေါ် လွတ်မြောက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



“လူမှုဘဝ
ပြည့်စုံဖို့
နိုင်ငံသားကတ်
ကိုင်ကြစို့”

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၈၇ ရက်
သာ လိုတော့သည်။

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု မဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊
- မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည် ပါဝင်ခြင်း မရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြား အချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါ အချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ(၄-က)ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန် ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိ နေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြား မဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည် ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ်ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည် မပါလျှင် ပုံစံ(၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က) ဖြင့်လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။



## မုဒုံမြို့၌ မဲစာရင်းကြေညာ

မုဒုံ အောက်တိုဘာ ၁

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပထမအကြိမ်မဲစာရင်းကို ယမန်နေ့က သတ်မှတ်ရပ်ကွက်/ကျေးရွာများတွင် ကြေညာသည်။

မဲစာရင်းများအား သတ်မှတ်ရက်များအတွင်း ကပ်ထားနိုင်ရေး၊ မဲစာရင်းတွင် မပါဝင်သူများအား ပုံစံ(၃)ဖြင့်လျှောက်ထားနိုင်ရေး၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်းနှင့် နေရပ်စွန့်ခွာ ပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအခြေအနေများကို ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)



## လပွတ္တာမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများကပ်ထားကြေညာ

လပွတ္တာ အောက်တိုဘာ ၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် စက်တင်ဘာ ၃၀ ရက်မှစ၍ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာများတွင် ကပ်ထားကြေညာလျက်ရှိသော မဲဆန္ဒရှင်စာရင်းများ ဖြစ်သည့် ပုံစံ(၁)၊ (၁-က)များကို ယနေ့နံနက်ပိုင်းတွင် မဲဆန္ဒရှင် ပြည်သူများက လာရောက်ကြည့်ရှုလျက်ရှိသည်။

လပွတ္တာမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၈၂ အုပ်စု၊ မဲဆန္ဒရှင်စုစုပေါင်း ၁၄၈၅၇၄ ဦး၊ မဲရုံစုစုပေါင်း ၂၂၆ ရုံရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပုသိမ်ကြီးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကြေညာထားမှု ကြည့်ရှုစစ်ဆေး

ပုသိမ်ကြီး အောက်တိုဘာ ၁

ပုသိမ်ကြီးမြို့နယ်တွင် မဲဆန္ဒရှင် စာရင်းများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစတင်၍ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးများတွင် ကြေညာထားမှုကို မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြ သည်။



ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် များသည် မဲစာရင်းလာရောက် ကြည့်ရှုသည့် ပြည်သူများအား ပထမအကြိမ် မဲစာရင်းကပ်ထား ကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက် အထိ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ၁၄ ရက်ကြာ ကပ်ထား ကြေညာပေးသွားမည် ဖြစ်သည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမှုကို မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်း၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစည်သူနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## လွိုင်ကော်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများကပ်ထားကြေညာ

နေပြည်တော် အောက်တိုဘာ ၁

ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပ နိုင်ရန်အတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက် နံနက် ပိုင်းတွင် ကပ်ထားကြေညာသည်။

ထိုသို့ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်းကို ကယား ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ လွိုင်ကော်ခရိုင်နှင့် လွိုင်ကော်မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတို့မှဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက လိုက်လံ ကြည့်ရှုခဲ့ကြပြီး မဲဆန္ဒရှင်များက ပုံစံများဖြင့် လျှောက်ထားနိုင်ရေး ဆောင်ရွက်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေး နိုင်ရန်အတွက် ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ များအား မှာကြားဆောင်ရွက်ခဲ့ကြသည်။

မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်းကို အောက်တိုဘာ ၁၃ ရက်အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာသွားမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက်တွင် မဲဆန္ဒရှင်ပြည်သူ ၁၇၉၀ ခန့် လာရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်း၏ ဒုတိယအထွေထွေအတွင်းရေးမှူး Mr. Milton Xavier Castellanos Mosquera အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်း (IFRC)အဖွဲ့၏ ဒုတိယအထွေထွေအတွင်းရေးမှူး Mr. Milton Xavier Castellanos Mosquera အား ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် IFRC အဖွဲ့မှ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တစ်ဆင့် ပံ့ပိုးကူညီနေသည့်ကိစ္စရပ်များ၊ IFRC မှ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရေနှင့်သန့်ရှင်းရေးဆိုင်ရာ ကိစ္စရပ်များတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသည့်ကိစ္စရပ်များတွင် ပံ့ပိုးပေးလျက်ရှိသည့်အခြေအနေများ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် IFRC တို့အကြား ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မျိုးညွန့်၊ မြန်မာနိုင်ငံဆိုင်ရာ IFRC ရုံးမှ ဌာနေကိုယ်စားလှယ်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ကျင်းပရာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများ ဆိုင်ရာ ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ဆေးဘက်ဆိုင်ရာ ကုထုံးအသစ်များ၊ ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ ကျန်းမာရေး ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာပြီး လူတစ်ဦးချင်း၏ မျှော်မှန်းသက်တမ်းများ မြင့်တက်လာကာ သက်ကြီး ပုဂ္ဂိုလ်ဦးရေသည် တဖြည်းဖြည်း တိုးပွားလာနေပါကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ၅၁ သန်းကျော်အနက် အသက် (၆၀) နှင့်အထက် ဦးရေသည် ၆ ဒသမ ၁ သန်းကျော်ရှိသည့်အတွက် စုစုပေါင်း လူဦးရေ၏ ၁၂ ရာခိုင်နှုန်းခန့် ရှိကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် အသက် (၆၀) နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်ဦးရေသည် ၁၃ သန်းခန့်ရှိလာပြီး စုစုပေါင်းလူဦးရေ၏ ၂၀ ရာခိုင်နှုန်းအထိ တိုးပွားလာမည်ဟု ခန့်မှန်းထားကြောင်း၊ မြန်မာနိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်းကို ကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၂၀၂၃ ခုနှစ်တွင် ၂ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည့်အတွက် ဆက်လက်ကျဆင်းနေကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းတွင် (၅) နှစ်အောက် ကလေးသေဆုံးမှုနှုန်းသည် လေးရာခိုင်နှုန်းနီးပါးဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် သုံးရာခိုင်နှုန်းအထိ ကျဆင်းခဲ့သော်လည်း မွေးဖွားနှုန်းနှင့် နှိုင်းယှဉ်လျှင် သေဆုံးမှုနှုန်းက ပိုများနေသည်ကို တွေ့ရကြောင်း။

အချိန်ကြာလာသည်နှင့် အမျှ လူဦးရေ ပြန်ဖြည့်ရန် ခဲယဉ်းလာမည်ဖြစ်ပြီး လူအိုအများစု ဖြစ်လာသော Ageing Society ဘဝကို မကြာမီ ရောက်ရှိလာနိုင်ကြောင်း၊ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဦးတည်ချက်ဆောင်ပုဒ်ကို "ဘဝချမ်းသာ အခွင့်အရေးများရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး" ဟု ချမှတ် တိုက်တွန်းနှိုးဆော်လိုက်ခြင်းဖြစ်ပါကြောင်း၊ ဘိုးဘွားရိပ်သာများအား အဆင့်အလိုက် ငွေကြေး ထောက်ပံ့ခြင်းနှင့် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်သည့် နည်းပညာများ ပံ့ပိုးပေးခြင်းနှင့် တစ်နိုင်ငံလုံးတွင် လူမှုရေးပင်စင်အစီအစဉ်များကိုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အသက် (၈၅)နှစ်နှင့်အထက် လူမှုရေးပင်စင် ခြောက်လစာကို သက်ကြီးပုဂ္ဂိုလ် ၁၂၁၆၂၂ ဦးအား ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၇ ဒသမ ၂၁၇ ဘီလီယံကျော်ကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေး ဘဏ်ခွဲများကနေ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာတစ်နိုင်ငံလုံးမှ အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းစီကို ဂုဏ်ပြုသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ကြီးပုဂ္ဂိုလ်ပြုစုစောင့်ရှောက်ရေးနှင့် အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်းကို ပြသပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် သက်ကြီးရွယ်အိုများ ဆိုင်ရာ ကော်မတီဝင်များက အခမ်းအနားသို့ တက်ရောက်လာသော ဘိုးဘွားများအား လူသုံးကုန်၊ ဆေးဝါးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ဇော်ဦးနှင့်အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် Oriental Highway Company Limited မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မန္တလေး-ပြင်ဦးလွင်လမ်း မိုင်တိုင် ၁၃/၃ -၁၆/၂ အတွင်းပေ ၆၀ အကျယ် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် မြေသားရေမြောင်းတူးခြင်း လုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုအခြေအနေကို သွားရောက်စစ်ဆေး၍ ဒုတိယဝန်ကြီးက လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်နှင့် လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ထားရှိရန်၊ လမ်းဘေး ဝဲ/ ယာ သန့်ရှင်းသာယာ သပ်ရပ်စေရေး အမြဲပြုပြင် ထိန်းသိမ်းရန်တို့ကို မှာကြားကာ လုပ်ငန်းများအား အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် သော်တာဝင်းကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်တိုင် ၃၉၁ /၂ မှ ၃၉၂/၄ အတွင်း ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းအား သွားရောက်စစ်ဆေးပြီး လမ်းအင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း (လမ်းဟောင်း) မိုင်တိုင် ၃၈၈/၇ နှင့် ပလိပ်မြို့ရှောင်လမ်းဆုံသည့် ပလိပ်လမ်းဆုံ ယာဉ်ကြောရှုပ်ထွေးမှုနှင့် ယာဉ်အန္တရာယ် ကင်းရှင်းရေးတို့ကို လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ယာဉ်သွားလာမှု စနစ်တကျ ဖြစ်စေရေးနှင့် အန္တရာယ်ကင်းစေရေးအတွက် သတ်မှတ်ချက်များနှင့် အညီ လမ်းညွှန်း၊ လမ်းအမှတ်အသားအချက်ပြများ စနစ်တကျဆောင်ရွက်သွားရန်မှာကြားပြီးဆောင်ရွက်ထားရှိမှုတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း) ပေါ်ရှိ စကားအင်းတိုးလ်ဂိတ်နှင့် သီးကုန်းတိုးလ်ဂိတ်တို့တွင် လမ်းအသုံးပြုခကောက်ခံရရှိမှု အခြေအနေ၊ တိုးလ်ဂိတ် အဆောက်အအုံနှင့် CCTV အခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ကောက်ခံရရှိမှု စာရင်းဇယားများ မှန်ကန်မှုရှိစေရေး၊ တိုးလ်ဂိတ်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ပြီး ဥပဓိရုပ် ကောင်းမွန်စေရေးနှင့် မကြာမီ သီတင်းကျွတ်ပိတ်ရက်ကာလရောက်ရှိလာမည် ဖြစ်၍ ယာဉ်ကြောများ ပိတ်ဆို့မှုမရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကချင်ပြည်နယ်ရှိ အားကစားအဆောက်အအုံများနှင့် အသက်(၂၅)နှစ်အောက်(အမျိုးသမီး) ဘောလုံးအသင်း လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေး



**မြစ်ကြီးနား အောက်တိုဘာ ၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အားကစား အဆောက်အအုံများ၏ အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် ပြည်သူ့အားကစားကွင်းအတွင်း မြက်ခင်းအသစ် စိုက်ပျိုးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ငြိမ်းချမ်းသာယာရေးကူးကန်၊ ငြိမ်းချမ်းသာယာ ဖူဆယ်ရုံ၊ ကြက်တောင်အားကစားခန်းမ၊ ဘော်လီဘောရုံနှင့် မြစ်ကြီးနား ခရိုင်အားကစားကွင်းတို့ကို လှည့်လည်ကြည့်ရှု၍ လိုအပ်ချက်များကို မှာကြားကာ အသက်(၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးအသင်း၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဒေသတွင်း လူငယ်များနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားအဆောက်အအုံများ ခေတ်မီပြည့်စုံစေရန် ဆက်လက် ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်ရှိစစ်ဆေးခဲ့သည့် အားကစားကွင်းများကိုလည်း ရေရှည်တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်၊ အများပြည်သူလာရောက်ကစားရာတွင် အားကစားကွင်း/ရုံများ သန့်ရှင်းသာယာသပ်ရပ်မှုရှိစေရန်၊ အားကစားကွင်း/ရုံများ ပြည့်စုံလုံလောက်စေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်တွင် ထည့်သွင်းလျာထားဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်၏ အားကစားအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးအတွက် ထူးချွန်ထက်မြက်အရည်အချင်းရှိ မျိုးဆက်သစ်လူငယ်အားကစားသမားများ ရှာဖွေဖော်ထုတ်လေ့ကျင့်ပျိုးထောင်ပေးရေး လုပ်ငန်းစဉ်များကို အလေးအနက်ထား ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နောင်ရာရပ်ကွက်တွင် ခိုလှုံနေထိုင်သည့် ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုများကို စားသောက်ကုန်နှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အံတော်ရှင်ဘုန်းတော်ကြီးကျောင်း၌ ခိုလှုံနေရသည့် မိသားစုများအတွက် လိုအပ်သော အားကစားပစ္စည်းများနှင့် စာရေးကိရိယာများကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်

**နေပြည်တော် အောက်တိုဘာ ၁**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ စခန်းချလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ် လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ၏ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာ သင်တန်းဖွင့်ပွဲများကို နေပြည်တော် ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့၊ မွန်ပြည်နယ် ချောင်းဆုံမြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ သင်တန်းတာဝန်ခံ အရာရှိများ၊ သင်တန်း ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် အားကစားပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယခုဖွင့်လှစ်သော သင်တန်းများအနေဖြင့် ပထမနှစ် အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ် အခြေခံစစ်ပညာသင်တန်း၊ ပထမနှစ် တန်းမြင့်စစ်ပညာသင်တန်းနှင့် ဒုတိယနှစ် တန်းမြင့်စစ်ပညာသင်တန်းတို့ဖြစ်ပြီး သာမန်သင်တန်းချိန်နှင့် စခန်းချလေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းကုန်းမြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်

**ကျောင်းကုန်း အောက်တိုဘာ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးလက်ရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုဦး၊ ကျုံပျော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌွေးနှင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်တို့က အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းကာလမှာ အောက်တိုဘာ ၁ ရက်မှ ၃၀ရက်အထိဖြစ်ပြီး သင်တန်းသား၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ချင်းပြည်နယ်ဝန်ကြီးချုပ် (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတက်ရောက်

**ဟားခါး အောက်တိုဘာ ၁**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ နယ်မြေခံစစ်ဗျူဟာမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်မိသားစုများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ်က ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေး တာဝန်များကို ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရင်း နိုင်ငံတော်နှင့် ရဲတပ်ဖွဲ့အတွက် အသက်ခန္ဓာစွန့်လွှတ်မှုများလည်း ရှိကြောင်း၊ ရဲတပ်ဖွဲ့များအနေဖြင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် မိမိတို့ပါဝင်နိုင်သည့် ကဏ္ဍမှ ထိထိရောက်ရောက် လုပ်ဆောင်ပေးကြသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တပ်ဖွဲ့ဂုဏ်သိက္ခာကို မြှင့်တင်ပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း တပ်ဖွဲ့ဂုဏ်သိက္ခာကို ညှိုးနွမ်း ကျဆင်းစေတတ်သည့် ဥပဒေနှင့်မညီသော လုပ်ရပ်များ မလုပ်မိစေရန် ကိုယ်စီပြုပြင် ထိန်းသိမ်း သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ အဂတိကင်းစွာဖြင့် ဆောင်ရွက်ရန်၊ တာဝန်ကိုဦးလည်မသုန် ထမ်းဆောင်နိုင်သည့် တပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သော သဝဏ်လွှာအား ချင်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မောင်မောင်အေးက ဖတ်ကြားသည်။

ယင်းနောက် တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သော တပ်ဖွဲ့ဝင်တစ်ဦးကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ချင်းပြည်နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များ သက်သာ ချောင်ချိရေးအတွက် ချင်းပြည်နယ် အစိုးရအဖွဲ့က အရင်းမပျောက် မတည်ငွေကျပ်သိန်း ၅၀၀ ကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေးက လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ကို ကြည့်ရှုပြီး အခမ်းအနားရုတ်သိမ်းကြောင်း သိရသည်။



ခရိုင် (ပြန်/ဆက် )

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား တက်ရောက်



**မုံရွာ အောက်တိုဘာ ၁**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဇနီးများ၊ ထူးချွန်ဆုရ ရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင် အငြိမ်းစားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် (၆၁)နှစ်တာ ကာလတစ်လျှောက် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများအပေါ် အောင်မြင်စွာ ကျော်လွှား ဖြတ်သန်းရင်း ရရှိခဲ့သည့် အတွေ့အကြုံများကို သင်ခန်းစာ အဖြစ်ရယူပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် (၄) ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်အဆင့်တိုင်းသည် မိမိရရှိထားသည့် ရာထူး၊ လုပ်ပိုင်ခွင့်များကို တလွဲအသုံးချခြင်းနှင့် အဂတိ ပြုလုပ်ခြင်းများကို ရှောင်ကြဉ်ပြီး တပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် ကျင့်ကြံဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တစ်ဆင့်မြှင့် ရာထူးရရှိသူ ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များကို ဆုများပေးအပ်ချီးမြှင့်ပြီး ခန်းမအတွင်း ပြသထားသည့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၏ ပြည်သူ့လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်မှုများနှင့် မှုခင်းဖော်ထုတ် ဖမ်းဆီးရရှိမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

# နမ့်စန်တွင် (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**နမ့်စန် အောက်တိုဘာ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ် (၄)ရပ်ကွက်ရှိ နမ့်စန်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နမ့်စန်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်က (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ မိန့်ခွန်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့လာသည့် ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် သဝဏ်လွှာအား နမ့်စန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းနိုင်က ဖတ်ကြားသည်။

ဆက်လက်၍ ဒုတိယရဲအုပ်အဆင့်မှ ရဲအုပ်အဆင့်သို့ ရာထူးတိုးမြှင့်ခြင်းခံရသည့် ကျိုင်းတောင်းနယ်မြေရဲစခန်းမှ ရဲအုပ်ဆက်ပိုင်ထူး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် ရဲမှုထမ်းဟောင်းများနှင့် ရပ်မိရပ်ဖများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။



သူရအောင်(နမ့်စန်)

# စစ်ကိုင်းမြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၁**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီး သိန်းဝင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်သဝဏ်လွှာအား စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးကျော်ညွန့်က ဖတ်ကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီး သိန်းဝင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုရရှိကြသော တပ်ဖွဲ့ဝင်များအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)




# မိုးညှင်းမြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မိုးညှင်း အောက်တိုဘာ ၁**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်နှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီကအောင်သပြေ ရပ်ကွက်ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်း တပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် ဝသုန်စိုးက မိန့်ခွန်းပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ကျော်က(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် သဝဏ်လွှာအား ဖတ်ကြားသည်။



ဆက်လက်၍ မိုးညှင်းခရိုင်အတွင်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ရက်အထိ မိုးညှင်းမြို့မ ရဲစခန်း မှမူးယစ်ဆေးဝါးပမာဏ အများဆုံး ဖော်ထုတ်ဖမ်းဆီးနိုင်မှုဆု၊ မိုးကောင်းမြို့နယ် ရဲတပ်ဖွဲ့မှ ရဲတပ်သားသစ် အများဆုံး စုဆောင်းနိုင်မှုနှင့် ရဲတပ်သားသစ် သတ်မှတ်လျာထားချက် ပြည့်မီအောင် စုဆောင်းနိုင်မှုဆု၊ မိသားစုနေအိမ် လိုင်းခန်းသန့်ရှင်းရေး ကောင်းမွန်မှုဆုနှင့် မြို့ပေါ်ရပ်ကွက်အတွင်း မှုခင်းများ ဖော်ထုတ်ဖမ်းဆီးနိုင်မှုဆုတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ချီးမြှင့် ပေးအပ်သည်။

ထို့နောက် အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်၊ အမှတ်(၁၀၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စုနှင့် အမှတ်(၃) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်စုတို့မှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များကို လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ရွှေမိုးညှင်း

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါး

# ကျောင်းသည် ရပ်ရွာ၏ ဥပစာ ဆရာသည် လူထု၏ အားကိုးရာ ...



ဒေါက်တာမောင်ကျော် (ပါမောက္ခချုပ်-ငြိမ်း)

**မြန်မာနိုင်ငံ၏ ဒေသအသီးသီးတွင်ရှိသော ကျောင်း၊ ကောလိပ်နှင့် တက္ကသိုလ်များသည် ထိုဒေသရပ်ရွာ၏ အားထားရာ၊ ချဉ်းကပ်စရာ ပညာဆည်းပူးရာ ဖြစ်သည့်အတွက် ဥပစာဖြစ်သည်။ ကျောင်း၏ဗဟိုသည် ကျောင်းသားထုဖြစ်သည်။**

ကျောင်းသား ကျောင်းသူများအား ရင့်ကျက်သော နိုင်ငံသားကောင်းများ၊ အမှားအမှန် ခွဲခြားတတ်သူများ၊ အမြော်အမြင်ရှိသူများဖြစ်စေရန် လမ်းညွှန်ပြသဆိုဆုံးမသူများမှာ ဆရာ ဆရာမများ၊ ပါမောက္ခများဖြစ်သည်။ မျိုးဆက်သစ် နိုင်ငံသားကောင်းရတနာများ ပေါ်ထွက်လာစေရန်နှင့် နိုင်ငံတော်အား အကျိုးပြုနိုင်သူများဖြစ်စေရန် ရည်ရွယ်၍ ဦးဆောင်သူများဖြစ်သည့်အတွက် ဆရာသည် ရပ်ရွာ၏ခေါင်းဆောင်၊ လူထု၏ခေါင်းဆောင်ဟု တင်စားနိုင်သည်။ ထို့ကြောင့် နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့ဟု သတ်မှတ်ကာ နိုင်ငံတကာအစိုးရများက ဂုဏ်ပြုနေခြင်းဖြစ်သည်။

ဆရာများ၏ ကြီးမားသောတာဝန်၊ အခန်းကဏ္ဍကိုဖော်ညွှန်းရန်ရည်ရွယ်ပြီး ကမ္ဘာ့ဆရာများနေ့ကို ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှ စတင်ပြီး ကျင်းပခဲ့သည်။ ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ဆရာများကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုနေကြပါသည်။

- “ဆရာတို့သည် မျက်စိနှင့် စိတ်ကို ပညာဖြင့် ဖွင့်ပေးကြသူများဖြစ်သည်။ ကမ္ဘာ့ဆရာများနေ့သည် အောက်တိုဘာလ ၅ ရက်နေ့ ဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက်မူ နေ့တိုင်း ဖြစ်သည်။”
- “ကျွန်တော် အသက်ရှင်နေရသည့်အတွက် အဖေ့ကို ကျေးဇူးတင်ရပါသည်။ ကျွန်တော့် ဘဝ သာယာဝပြောရသည့်အတွက် ဆရာ့ကို ကျေးဇူးတင်မဆုံး ဖြစ်ရပါသည်။”
- “ပုံမှန်ဆရာတစ်ဦးသည် ပြဿနာပုစ္ဆာများကို ခက်ခက်ခဲခဲ ရှင်းပြလေ့ရှိသည်။ ပါရမီရှင်ဆရာကမူ ပြဿနာပုစ္ဆာများကို လွယ်လွယ်ကူကူ ဖော်ထုတ်၍ ရှင်းလင်းပြနိုင်သည်။”

Bill Gates ၏ ဘွဲ့ရမောင်မယ်များအတွက် ပြောကြားခဲ့သည့် စကားကြီးနှစ်ခွန်းမှာ -

“ကျောင်းက ဆရာတွေကို ဆိုးတယ်လို့ထင်ခဲ့ရင် ခင်ဗျားတို့တစ်နေ့ ကုမ္ပဏီသူဌေးကြီးတွေဖြစ်လာတဲ့အချိန်ကျရင် သိလိမ့်မယ်။ သူဌေးဖြစ်လာသူတွေဟာ အလုပ်ကို အကြွေးမထားဘူး၊ ဆရာတွေက အိမ်စာတွေပြီးအောင်၊ အိမ်စာကို အကြွေးမထားဘဲ ပြီးအောင်လုပ်တဲ့အကျင့်ရဖို့ အော်ငေါက်နေတာဖြစ်တယ်။ လုပ်ငန်းခွင်မှာ အလုပ်ကိုအချိန်မဆွဲဘဲ ပြီးအောင်လုပ်တဲ့ အလေ့အထကျင့်စဉ်ဟာ သူဌေးဖြစ်ဖို့ပဲ။

“လူ့ဘဝမှာ သင်ကြားချိန်မသတ်မှတ်ဘူး၊ ပိတ်ရက်မရှိ၊ ဘယ်အလုပ်ရှင်ကမှ ခင်ဗျားလုပ်ချင်တာကို အမြဲတမ်းညှိနှိုင်းပေးမှာမဟုတ်ဘူး။ ဒါကို အကြောင်းပြုပြီး လူ့ဘဝက မမျှတဘူးလို့ပြောကြပေမယ့် ဒါကိုလက်ခံနိုင်အောင် မိမိဘက်က ဘက်ပေါင်းစုံတော်အောင် ကြိုးစားအားထုတ်ရလိမ့်မယ်”

**ဆရာများထံမှ နေ့စဉ်သင်ယူကြ**

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ဆိုသဖြင့် နိုင်ငံနှင့်လူမျိုးရှင်သန်ကြီးထွားနိုင်ရန်၊ ပညာရေးက ဝိညာဉ်ဖြစ်၍ ၂၁ ရာစု၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ... စသည်၊ စသည်ဖြင့် အကြောင်းတရားများကြောင့် ကလေး၊ လူငယ်၊ လူကြီးများ ပညာသင်ကြားကြပါသည်။ မိမိတို့၏ စိတ်ချမ်းမြေ့ဖွယ်အနာဂတ်ကို တည်ဆောက်လိုသည့်အတွက် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများထံမှ နေ့စဉ်လိုလို သင်ယူကြပါသည်။

လူငယ်တစ်ယောက်အတွက် လူ့အသိုင်းအဝိုင်းထဲ၌ ထိုလူငယ်၏စိတ်ဓာတ်နှင့် မည်သည့်တန်ဖိုးများထားရမည်ဆိုသော စာရိတ္တပိုင်း၊ လူမှုဆက်ဆံပေါင်းသင်းရေးအပိုင်းတို့ကို ကျောင်းက တာဝန်ယူခြင်းဖြစ်ပါသည်။ ကျောင်းက သူ့ကို အရွယ်နှင့်ကိုက်ညီသော သင်ခန်းစာများသင်ရင်း စာရိတ္တဖွံ့ဖြိုးအောင် တဖြည်းဖြည်းချင်း သင်ကြားပေးသည့်သဘောဖြစ်သည်။ တောအရပ်ဒေသများတွင် ဘုန်းကြီးကျောင်း၌ ဘုရားရှိခိုးသောကိစ္စနှင့်စကာ မူလတန်းကျောင်းကိုတက်၊ စာဖတ်တတ်ရန် အပေါင်းအနုတ် ဂဏန်းသင်္ချာနှင့် ထိတွေ့ရပါတော့သည်။

အသက်အားဖြင့် ၆၀ ကျော် ၇၀ ကျော်များသည် ယနေ့အချိန်အခါ၌ ကိုယ်ပညာရည်နို့ သောက်စို့ခဲ့သောမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းကို ပြန်လည်သတိရကြသူများချည်းဖြစ်ပါသည်။ စာသင်ချိန်မစမီ နိုင်ငံတော်သီချင်း ပြိုင်တူသီဆို၊ နိုင်ငံတော်အလံကို အလေးပြုခဲ့ကြသည်ကိုလည်း သတိရလျက်ရှိနေပါသည်။ ဆရာတို့၏မှန်၊ ကောင်း၊ သင့်ဆိုသော အနီခြစ်လေးများကို မှတ်မိနေကြပါသည်။ ဆရာတို့၏ ကျေးဇူးတရားများကိုလည်း အောက်မေ့ကြပါသည်။

**တပည့်များ ...**

ကျွန်တော်တို့တစ်တွေသည် လူမှုအသိုက်အဝန်းအတွင်းမှ ပုဂ္ဂိုလ်များဖြစ်ရာ အားလုံးက ဆရာကောင်း၊ သမားကောင်းဖြစ်နိုင်မည်မဟုတ်။ သို့သော် အားလုံးက တပည့်များ၊ ကြားဆရာ၊ မြင်ဆရာများ၏ တပည့်များဖြစ်ခဲ့ကြပါလိမ့်မည်။ တပည့်တို့သည် ဆုံးမနာယူမှုရှိကြရပါမည်။ ညီညာထကြွ တလေးတစားကြိုဆိုခြင်း၊ သင်ယူခြင်း၊ တွေးတောကြံဆနိုင်ရန် ဆရာတို့ပေးသော သင်ခန်းစာများ ရွတ်ဖတ်ခြင်း၊ အမေးပုစ္ဆာများ ဖြေဆိုခြင်းတို့ကို လုပ်ကြခြင်းဖြင့် အဆင့်တိုင်း၊ အဆင့်တိုင်း၌ တတ်မြောက်မှုတစ်ခု ရရှိခဲ့ကြပါသည်။

မြန်မာ့လူမှုအသိုင်းအဝိုင်း၌ တပည့်တို့သည်-

- ကတညုတ - ကျေးဇူးရှိမှန်း သိမြင်ခြင်း၊
- ကတဝေဒီ -သိသည့်အတိုင်း ကျေးဇူးတရားကို အောက်မေ့ဆပ်သူ၊ လူတော်လူကောင်းများဖြစ်၍ ပီတိဖြစ်ကြရပါသည်။

**ဆရာသည်...**

- အသိပညာကိုမြှင့်တင်သူ၊ ကျွမ်းကျင်မှုတစ်ခုခုကို မြှင့်တင်ပေးနိုင်သူ၊ ဗြဟ္မစိုရ်တရားထွန်းကားအောင် (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာပွားများတတ်အောင်) လုပ်ပေးနိုင်သူ၊ စိတ်ဓာတ်ရေးရာပြုပြင်ပေးသူ၊ ဘဝခရီးတစ်လျှောက် ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ရန် စာပေကျမ်းဂန်များ၊ သိပ္ပံနှင့် လူမှုရေးသိပ္ပံပညာရပ်များကို သင်ကြားပို့ချရင်း ......
- အမှားနှင့် အမှန်ခွဲခြားနိုင်ရန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့် အကျိုးကို မှန်ကန်စွာ နားလည်ပြီး အမှောင်တွင်းမှ လွတ်မြောက်အောင်၊ အမှောင်ထုအတွင်း မရောက်အောင် ဆောင်ရွက်ပေးသူများသည် ဆရာကောင်း သမားကောင်းများ ဖြစ်ပါသည်။

ဆရာ့ဝတ္တရားငါးပါးကို ကျေပွန်အောင် ထမ်းဆောင်ရမည်မှာ မူလတာဝန်ဖြစ်သည်။ ဤဝတ္တရားငါးပါးကို အပြည့်အဝထမ်းဆောင်ခြင်းဖြင့် မြတ်ဆရာမည်ပေသည်။ ဆရာတို့၏ ဝတ္တရားငါးပါးသည် KG မှသည် Ph.D အထိ၊ အခြေခံပညာမှသည် အဆင့်မြင့်ပညာအထိ သင်ယူသူတပည့်တို့အတွက် ဗလငါးတန် ပြည့်စုံစေမည်ဖြစ်သည်။ ဆရာသည် အသိဉာဏ်ကို မြှင့်တင်ပေးသည်။ ကျွမ်းကျင်မှုအတတ်အညာ အရည်အသွေးများ မြှင့်တင်ပေးသည်။ ဗြဟ္မစိုရ်တရားထွန်းကားအောင် လုပ်ပေးသည်။ စိတ်ဓာတ်ရေးရာ ပြုပြင်ပေးသည်။ လူသားအချင်းချင်း ချစ်မြတ်နိုးအောင် လုပ်ပေးနိုင်သူ၊ တပည့်များ၏ဘဝနှင့် လောက၏အလှကို ဆင်သူ၊ သောကကို ဖြေဖျောက်ပေးသူများဖြစ်၍ လူ့အဖွဲ့အစည်း၏ခေါင်းဆောင်ဟု တင်စားကြပါသည်။

၂၁ ရာစုတွင် ကမ္ဘာ့အရပ်ရပ်၌ ဆရာကောင်း၊ သမားကောင်းဖြစ်ရန် အခက်အခဲ၊ စိန်ခေါ်မှုများ ရှိလာသည်ကို တွေ့ရသည်။ လူငယ်မျိုးဆက်သစ်များအား ဆရာလောကသို့ ပိုမိုရောက်ရှိလာစေရန် အတွက်လည်း ကမ္ဘာ့ဆရာများနေ့ကို ကျင်းပခြင်းဖြစ်သည်။ ဆရာတို့၏ ဝတ္တရားငါးပါးကို အတိတ်ကမြင့်မားစွာ တန်ဖိုးထား၊ လေးစားမှုရှိခဲ့သည်။ ဆရာများ၏ဂုဏ်ကို အကြောင်းပြု၍ ဆရာတို့အား ကြောက်ချစ်ရိုသေ လေးစားကြည်ညိုခြင်း၊ တန်ဖိုးထားခြင်း၊ လူငယ်တို့၏ လေးစားဂုဏ်ယူခြင်းခံရသည်။ UNESCO ၏မူအရ ဆရာတစ်ဦးသည် ပြဋ္ဌာန်းထားသော ပညာအရည်အချင်းနှင့် ပြည့်ဝနေရမည်။ ပက်ဒါဂေါဂီ (Pedagogic) ဆရာဖြစ်သင်တန်းဆင်းလက်မှတ်ရရှိသူ၊ နိုင်ငံတစ်နိုင်ငံ၌ ထက်လယ်မှုအဆင့်အတွက် သင်ကြားမှုပြုနိုင်သူ၊ အရည်အချင်းရှိသူဖြစ်ရမည်။


**ဆရာကောင်း သမားကောင်း**

ကျောင်းဆိုသောအဖွဲ့အစည်း၌ အရေးကြီးသောလူကိုရှာရာတွင် ဆရာကို ပထမဆုံးတွေ့ရပါသည်။ ကျောင်းတစ်ကျောင်း ထက်မြက်လာရန် အဓိကပုဂ္ဂိုလ်မှာ “ဆရာ” ဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။ လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးပေးထားသောဆရာသည် ခေတ်နောက်ကျနေခဲ့လျှင် အနာဂတ်သည် မျှော်လင့်ချက်မရှိ။ ဆရာသည် ဆန်းသစ်သောစိတ်ကူးများ ခံယူနိုင်စွမ်းမရှိ၊ ရပ်တန့်နေခဲ့လျှင် သူမွေးထုတ်ပေးသော လူ့စွမ်းအားအရင်းအမြစ်သည် ဘယ်နည်းနှင့်မျှ အနာဂတ်ကို ရင်ဆိုင်နိုင်မည်မဟုတ်ပါ။ ဆရာများသည် ပညာရေးမျှော်မှန်းပန်းတိုင်ရောက်ရန် လမ်းညွှန်ရာတွင် ကြိုးစားပမ်းစားဖြင့် ပညာများပေး၍ လူထု၏အားကိုးရာဖြစ်သည်။ ဆရာ၏တွေးခေါ်ပုံများ၊ ပြောပုံဆိုပုံများ၊ ပြုမူပုံများသည် ကျောင်းသားတပည့်များဆီ စီးဆင်းပါသည်။ ကျောင်းသားဆီရောက်သွားခြင်းကြောင့် အကောင်းအဆိုး၊ အကြောင်းအကျိုး အထူးသတိမူရပါမည်။

**လူရှိသော နေရာတိုင်း အရေးကြီး ...**

မြန်မာနိုင်ငံ၏ တောင်ဘက်စွန်း ကော့သောင်း၊ မြောက်ဖျား ပူတာအို၊ မချမ်းဘော၊ ဂွ၊ ဘူးသီးတောင်၊ မောင်တော၊ မတူပီ၊ နန်းယွန်း၊ ဒီးမော့ဆို စသည့် ဥပမာအဖြစ်ဖော်ပြသော ရပ်ရွာဒေသများ၌ မြေပြန့်တက္ကသိုလ်များမှ မွေးထုတ်ပေးလိုက်သည့် ဘွဲ့ရများကို ပိုမိုအားထားကာ ဝေးလံခေါင်သီဒေသရှိကျောင်းများ၌ ဆရာများအဖြစ် ခန့်အပ်လျက်ရှိသည်။ အကြောင်းရင်းများစွာရှိသည့်အနက် ပညာတတ် လူ့စွမ်းအားအရင်းအမြစ် ရှားပါးသည်က တစ်ကြောင်း၊ ယနေ့အချိန်အခါတွင် အဟန့်အတားအခြောက်အလှန့်များကြောင့် တစ်ကြောင်း ပညာသင်ခွင့်မရသော ကျောင်းနေအရွယ်ကလေးသူငယ်အရေအတွက်က တစ်နိုင်ငံလုံးအတိုင်းအတာအရ ကြီးမားပါသည်။ တာဝန်ထမ်းဆောင်ကြသူ ဆရာ ဆရာမများအား လူထုပညာရေးကိစ္စဖြစ်သည့်အတွက် ချီးမွမ်းကြရမည်။ (ဆက်လက်ဖော်ပြပါမည်)

> **ကျောင်းတစ်ကျောင်းထက်မြက်လာရန် အဓိကပုဂ္ဂိုလ်မှာ “ဆရာ” ဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။ လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးပေးထားသောဆရာသည် ခေတ်နောက်ကျနေခဲ့လျှင် အနာဂတ်သည် မျှော်လင့်ချက်မရှိ။ ဆရာသည် ဆန်းသစ်သောစိတ်ကူးများ ခံယူနိုင်စွမ်းမရှိ၊ ရပ်တန့်နေခဲ့လျှင် သူမွေးထုတ်ပေးသော လူ့စွမ်းအားအရင်းအမြစ်သည် ဘယ်နည်းနှင့်မျှ အနာဂတ်ကို ရင်ဆိုင်နိုင်မည်မဟုတ်ပါ။ ဆရာများသည် ပညာရေးမျှော်မှန်းပန်းတိုင်ရောက်ရန် လမ်းညွှန်ရာတွင် ကြိုးစားပမ်းစားဖြင့် ပညာများပေး၍ လူထု၏အားကိုးရာဖြစ်**



# မွန်ပြည်နယ်ဝန်ကြီးချုပ် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား တက်ရောက်



**မော်လမြိုင် အောက်တိုဘာ ၁**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

**အမှုထမ်းကောင်းလက်မှတ်များ ပေးအပ်ချီးမြှင့်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်မှ ပေးပို့သောသဝဏ်လွှာကို မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထွန်းအောင်ကျော်က ဖတ်ကြားကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် မွန်ပြည်နယ်ရဲတပ်ဖွဲ့ဝင်များအား အမှုထမ်းကောင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်း Video Clip ကို ပြသပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မွန်ပြည်နယ်ရဲတပ်ဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ ပြခန်းကို လိုက်လံကြည့်ရှုအားပေးသည်။

**စည်သူ(ပြန်/ဆက်)**

# လှိုင်ကော်မြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၁**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**ပြောကြား**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို နောင်တော်တပ်မတော်နှင့်လက်တွဲကာ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်အွန်လိုင်းငွေကြေးလိမ်လည်မှု ကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဟန့်တားနိုင်ရေးနှင့် ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို အစဉ်မြှင့်တင်ဆောင်ရွက်သွားကြရန်နှင့် ပြည်သူလူထု၏ အားကိုးယုံကြည်မှု ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် ကယားပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မောင်မောင်ဦးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ပြည်နယ်ရဲတပ်ဖွဲ့မှူးက လည်းကောင်း၊ မှုခင်းကျဆင်းရေးအတွက် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော တပ်ဖွဲ့ဝင်နှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ရာ တပ်ဖွဲ့ဝင်များက လည်းကောင်း လက်ခံရယူကြသည်။

ဆက်လက်၍ ဒေသကွပ်ကဲရေးမှူး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က မှုခင်းကျဆင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကို ကြည့်ရှုအားပေးပြီး တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားကာ အထိမ်းအမှတ်နေ့ ခင်းကျင်းပြသထားသော ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁**

(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့၏ လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းကျွမ်းကျင်မှုများနှင့်အတူ ဥပဒေကို ကိုင်တွယ်အသုံးပြုရာတွင် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုပြုနိုင်သည့် ရဲတပ်ဖွဲ့ကောင်းများဖြစ်ရန် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြောင့်မတ်တည်ကြည်မှန်ကန်စွာ အဂတိကင်းအောင် အလေးထားဆောင်ရွက်သွားကြရန်၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင် ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးကို ရည်မှန်းပြီး နိုင်ငံတော်နှင့် ပြည်သူကို အကျိုးပြုရသည့် မိမိအလုပ်ကို တန်ဖိုးထားဂုဏ်ယူစွာ ကြိုးပမ်းလုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ခြင်းခံရသူ တပ်ဖွဲ့ဝင်များ၊ အမှုထမ်းကောင်းလက်မှတ်ရရှိသူ တပ်ဖွဲ့ဝင်များနှင့် ရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာရရှိသူ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ကို ဂုဏ်ပြုဆုများ၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့နှင့် သီးခြားတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မြဝတီမြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**မြဝတီ အောက်တိုဘာ ၁**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် သဝဏ်လွှာ ဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

**ဖတ်ကြား**

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ပေးပို့သည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို မြဝတီခရိုင် ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီးမိုးကျော်ဟိန်းက ဖတ်ကြားသည်။



ထို့နောက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်ရဲတပ်ဖွဲ့ မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်းနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ်အတွင်း လုပ်ငန်းတာဝန်ကျေပွန်စွာ ထမ်းဆောင်သည့်ဆုနှင့် အားကစားထူးချွန်ဆုများ ရရှိကြသည့် ရဲတပ်ဖွဲ့ဝင်တို့အားလည်းကောင်း၊ ရဲလုပ်ငန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သူ ပြည်သူသုံးဦးနှင့် ရဲမှုထမ်းဟောင်းတို့အားလည်းကောင်း၊ ဘက်စုံသုံးအလှူငွေလှူဒါန်းပေးသည့် အလှူရှင်အားလည်းကောင်း ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



ကံမမြို့နယ်တွင် စည်ပင်သာယာဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်တပ်ဖွဲ့က ဦးဆောင်၍ လေ့ကျင့်ဆောင်ရွက်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မဈေးတာဝန်ရှိသူများ၊ ဈေးသူ ဈေးသားများ တက်ရောက်ခဲ့ကြစဉ်။ လင်းခန့်

# မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါစံချိန်စံညွှန်း(၇၃)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

စဉ် မြန်မာစံချိန်စံညွှန်းများ

၁။ MMS IEC 60255-1:2022 တိုင်းတာမှုရီလေးများနှင့် ကာကွယ်မှုဆိုင်ရာပစ္စည်းကိရိယာ- အပိုင်း(၁) အခြေခံလိုအပ်ချက်များ

၂။ MMS IEC 60270:2000+AMD1:2015 ဗို့အားမြင့်စမ်းသပ်ခြင်းဆိုင်ရာနည်းစနစ်များ-တစ်စိတ်တစ်ပိုင်းလျှပ်စစ်ထုတ်လွှတ်မှုအတွက် တိုင်းတာခြင်းများ

၃။ MMS IEC 60364-7-712:2017 ဗို့အားနိမ့်လျှပ်စစ်တပ်ဆင်ခြင်းများ- အပိုင်း(၇-၇၁၂)အထူးတပ်ဆင်ခြင်းများ သို့မဟုတ် တည်နေရာများအတွက် လိုအပ်ချက်များ - ဆိုလာဖိုတိုဗိုလ်တစ်လျှပ်စစ်ဓာတ်အားပေးရေးစနစ်များ

၄။ MMS IEC 61010-1:2010+AMD1:2016 CSV တိုင်းတာခြင်း၊ ထိန်းချုပ်ခြင်းနှင့် ဓာတ်ခွဲခန်းအသုံးပြုခြင်းဆိုင်ရာ လျှပ်စစ်ပစ္စည်းကိရိယာများအတွက် အန္တရာယ်ကင်းရှင်းရေးလိုအပ်ချက်များ- အပိုင်း(၁) အထွေထွေလိုအပ်ချက်များ

၅။ MMS IEC 61853-1:2011 ဖိုတိုဗိုလ်တစ်မော်ဂျူးစွမ်းဆောင်မှုစမ်းသပ်ခြင်းနှင့် စွမ်းအင်သတ်မှတ်ချက်- အပိုင်း(၁) နေရောင်ခြည်ကျရောက်မှုနှင့် အပူချိန်စွမ်းဆောင်ရည်တိုင်းတာခြင်းနှင့် စွမ်းအားသတ်မှတ်ခြင်း

၆။ MMS IEC 62109-1:2010 ဖိုတိုဗိုလ်တစ်လျှပ်စစ်ဓာတ်အားစနစ်များတွင် အသုံးပြုသည့် လျှပ်စစ်ဓာတ်အား လျှပ်မျိုးပြောင်းကိရိယာများအတွက် အန္တရာယ်ကင်းရှင်းရေး - အပိုင်း(၁) အထွေထွေလိုအပ်ချက်များ

၇။ MMS IEC 62305-1:2024 မိုးကြိုးအန္တရာယ်မှ ကာကွယ်ခြင်း- အပိုင်း(၁) အထွေထွေစည်းမျဉ်းများ

၈။ MMS IEC 62305-3:2024 မိုးကြိုးအန္တရာယ်မှ ကာကွယ်ခြင်း- အပိုင်း(၃) အဆောက်အဦပျက်စီးမှုနှင့် လူ့အသက်အန္တရာယ်

၉။ MMS IEC 62446-2:2020 ဖိုတိုဗိုလ်တစ်စနစ်များ - စမ်းသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် လိုအပ်ချက်များ - အပိုင်း(၂) လျှပ်စစ်ဓာတ်အား ကွန်ရက်ချိတ်ဆက်ခြင်းစနစ်များ- ဖိုတိုဗိုလ်တစ်စနစ်များ၏ပြုပြင်ထိန်းသိမ်းခြင်း

၁၀။ MMS IEC TS 62446-3:2017 ဖိုတိုဗိုလ်တစ်စနစ်များစမ်းသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် လိုအပ်ချက်များ- အပိုင်း(၃) ဖိုတိုဗိုလ်တစ်မော်ဂျူးများနှင့် ဖိုတိုဗိုလ်တစ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံများ- အပြင်ဘက်အနီအောက်ရောင်ခြည် အပူပုံရိပ်ဖမ်းတိုင်းတာခြင်း

၁၁။ MMS IEC 62548-1:2023 စုစည်းတည်ဆောက်ထားသော ဖိုတိုဗိုလ်တစ် - အပိုင်း(၁) ဒီဇိုင်းလိုအပ်ချက်များ

၁၂။ MMS IEC 62930:2017 ဗို့အားသတ်မှတ်ချက် ဒီစီ ၁.၅ ကီလိုဗို့ရှိသော ဖိုတိုဗိုလ်တစ်စနစ်များအတွက် လျှပ်စစ်ကေဘယ်လ်ကြိုးများ

၁၃။ MMS IEC 62933-5-1:2024 လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်များ-အပိုင်း(၅-၁) လျှပ်စစ်ဓာတ်အား ကွန်ရက်စနစ်နှင့် ချိတ်ဆက်ထားသော လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်များအတွက် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ

၁၄။ MMS IEC 62933-5-2:2020 လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်များ- အပိုင်း (၅-၂) လျှပ်စစ်ဓာတ်အားကွန်ရက်စနစ်နှင့် ချိတ်ဆက်ထားသော လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်များအတွက် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ

၁၅။ MMS IEC 62933-5-3:2023 လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်များ-အပိုင်း(၅-၃) လျှပ်စစ်ဓာတ်အားကွန်ရက်စနစ်နှင့် ချိတ်ဆက်ထားသော လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်အတွက် အန္တရာယ်ကင်းရှင်းခြင်းဆိုင်ရာလိုအပ်ချက်များ -လျှပ်စစ်ဓာတုဗေဒအခြေခံစနစ်အတွက် မွမ်းမံပြင်ဆင်မှုများလုပ်ဆောင်ခြင်း

၁၆။ MMS IEC 63112:2021 စုစည်းတည်ဆောက်ထားသော ဖိုတိုဗိုလ်တစ် - မြေဓာတ်ကျအပြစ်ကာကွယ်ခြင်းဆိုင်ရာကိရိယာ - အန္တရာယ်ကင်းရှင်းရေးနှင့် အန္တရာယ်ကင်းရှင်းမှုနှင့်သက်ဆိုင်သည့် လုပ်ဆောင်ချက်များ

၁၇။ MMS CXS 72:1981 နို့စို့ကလေးအတွက် ဖော်စပ်ထုတ်လုပ်ထားသောအစားအသောက်၊ ကျန်းမာရေးအတွက်ဖော်စပ်စာနှင့် ဖော်စပ်ဖြည့်စွက်စာစံချိန်စံညွှန်း

၁၈။ MMS CXS 73:1981 နို့စို့ကလေးငယ်အတွက် စည်သွတ်ထားသော အစားအသောက် စံချိန်စံညွှန်း

၁၉။ MMS CXS 108:1981 သဘာဝတွင်းထွက်ရေ စံချိန်စံညွှန်း

၂၀။ MMS CXS 150:1985 အစားအသောက်သုံး ဆားစံချိန်စံညွှန်း

၂၁။ MMS CXS 180:1991 ကျန်းမာရေးအတွက်ရည်ရွယ်သော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းနှင့် အညွှန်းစာ စံချိန်စံညွှန်း

၂၂။ MMS CXS 250:2006 ဟင်းသီးဟင်းရွက်အဆီနှင့် အဆီထုတ်ထားသောနို့အရော စံချိန်စံညွှန်း

၂၃။ MMS ISO/TS 22002-1:2009 အစားအစာဘေးကင်းရေးဆိုင်ရာကြိုတင်လိုအပ်ချက် အစီအစဉ်များ- အပိုင်း(၁)- အစားအစာထုတ်လုပ်ရေးလုပ်ငန်းများ

၂၄။ MMS ISO/TS 22002-3:2011 အစားအစာဘေးကင်းရေးဆိုင်ရာကြိုတင်လိုအပ်ချက်အစီအစဉ်များ- အပိုင်း(၃) - စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ

၂၅။ MMS UNECE R 117: 2016 တာယာမှ ဆူညံသံထွက်မှု၊ စိုစွတ်မှုတွင် ကပ်တွယ်နိုင်မှု၊ ခုခံနိုင်မှုတို့နှင့်စပ်လျဉ်းသည့် တစ်ပြေးညီပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်းအမှတ်-၁၁၇

၂၆။ MMS UNECE R 142: 2017 မော်တော်ယာဉ်တွင် တာယာတပ်ဆင်ခြင်းနှင့်စပ်လျဉ်းသည့် တစ်ပြေးညီပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်းအမှတ်-၁၄၂

၂၇။ MMS ISO 10002:2018 အရည်အသွေးစီမံခန့်ခွဲမှု - စားသုံးသူ/သုံးစွဲသူစိတ်ကျေနပ်မှု- အဖွဲ့အစည်းများတွင် တိုင်တန်းမှုများကိုင်တွယ်ခြင်းအတွက် လမ်းညွှန်ချက်များ

၂၈။ MMS ISO 10006:2017 စီမံကိန်းများအတွက် အရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်မှုများ

၂၉။ MMS ISO 10007:2017 အရည်အသွေးစီမံခန့်ခွဲမှု - အစိတ်အပိုင်းဖွဲ့စည်းမှုစီမံခန့်ခွဲရေး လမ်းညွှန်ချက်

၃၀။ MMS 56 : 2025 ပဲတီစိမ်းစံချိန်စံညွှန်း

၃၁။ MMS ASEAN STAN 58:2018 အုန်းသီးအရင့် စံချိန်စံညွှန်း

၃၂။ MMS 58:2025 Aloe vera L. Burm.f. ရှားစောင်းလက်ပပ်

၃၃။ MMS 59:2025 Morinda citrifolia L. ရဲယို

၃၄။ MMS 60:2025 Adhatoda vasica Nees. မုရားကြီး

၃၅။ MMS 61:2025 Brucea javanica (L.) Merr. ရာတန်စေ့

၃၆။ MMS 62:2025 Alstonia scholaris (L.) R. Br. တောင်မရိုး/တောင်မဲအုပ်

၃၇။ MMS 57: 2025 ရေရှည်တည်တံ့သော မြန်မာ့သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

၃၈။ MMS ISO 756-1:1981 စက်မှုလုပ်ငန်းသုံး ပရိုပနော - စမ်းသပ်ခြင်းနည်းစဉ် အပိုင်း(၁) -အထွေထွေ

၃၉။ MMS ISO 2992:1974 စက်မှုလုပ်ငန်းသုံး အမိုနီယမ်ဆာလဖိတ်- သံဓာတ်ပါဝင်မှုကိုတိုင်းတာခြင်း - 2, 2′ - ဘိုင်ပါရာဒိုင်းဖိုတိုမက်ထရစ်နည်းစဉ်

၄၀။ MMS ISO 2993:1974 စက်မှုလုပ်ငန်းသုံးအမိုနီယမ်ဆာလဖိတ်- Free acidity ပါဝင်မှုကို တိုင်းတာခြင်း-ထုထည်တိုင်းဓာတ်ခွဲနည်းစဉ်

၄၁။ MMS ISO 3107:2022 သွားဘက်ဆိုင်ရာလုပ်ငန်း - ဇင့်အောက်ဆိုဒ်- eugenol zinc oxide cements and non-eugenol cements

၄၂။ MMS ISO 3332:1975 စက်မှုလုပ်ငန်းသုံး အမိုနီယမ်ဆာလဖိတ်- အမိုနီယာကယ်လ်နိုက်ထရိုဂျင်ပါဝင်မှုကို တိုင်းတာခြင်း- ပေါင်းခံပြီးထုထည်တိုင်းဓာတ်ခွဲနည်းစဉ်

၄၃။ MMS ISO 7103:1982 စက်မှုလုပ်ငန်းသုံး အင်ဟိုက်ဒရပ်စ် အမိုနီးယားအရည်- နမူနာယူခြင်း - ဓာတ်ခွဲခန်းနမူနာရယူပြင်ဆင်ခြင်း

၄၄။ MMS ISO 7105:1985 စက်မှုလုပ်ငန်းသုံး အင်ဟိုက်ဒရပ်စ် အမိုနီးယားအရည် - ရေပါဝင်မှုကိုတိုင်းတာခြင်း - Karl Fischer နည်းစဉ်

၄၅။ MMS ISO 7106:1985 စက်မှုလုပ်ငန်းသုံး အင်ဟိုက်ဒရပ်စ် အမိုနီးယားအရည် - ဆီပါဝင်မှုကိုတိုင်းတာခြင်း - ထုထည်တိုင်းဓာတ်ခွဲနည်းစဉ်နှင့် အနီအောက်ရောင်စဉ်တိုင်းတာခြင်းနည်းစဉ်

၄၆။ MMS ISO 8174:1986 စက်မှုလုပ်ငန်းသုံး အီသိုင်လင်းနှင့် ပရိုပိုင်လင်း - အက်စီတုန်း၊ အက်စီတိုနိုင်ထရိုင်း၊ ပရိုပနောနှင့် မက်သနောပါဝင်မှုကိုတိုင်းတာခြင်း - ဓာတ်ငွေ့ ခရိုမာတိုဂရပ်ဖ်နည်းစဉ်

၄၇။ MMS ISO 53:1998 အထွေထွေအင်ဂျင်နီယာလုပ်ငန်းများနှင့် ကြီးမားသည့် အင်ဂျင်နီယာလုပ်ငန်းများတွင် အသုံးပြုသည့် ဆလင်ဒါပုံဂီယာများ- စံအခြေခံ rack tooth ပုံသဏ္ဌာန်

၄၈။ MMS ISO 54:1996 အထွေထွေအင်ဂျင်နီယာလုပ်ငန်းများနှင့် ကြီးမားသည့် အင်ဂျင်နီယာလုပ်ငန်းများတွင် အသုံးပြုသည့် ဆလင်ဒါပုံဂီယာများ - မော်ဂျူးများ

၄၉။ MMS ISO 76:2006+ Amd 1:2017 Rolling bearing များ - တည်ငြိမ်ဝန်အားအဆင့် သတ်မှတ်ချက်များ

၅၀။ MMS ISO 113:2010 Rolling bearing များ - Plummer block housing များ - အတိုင်းအတာသတ်မှတ်ချက်များ

၅၁။ MMS ISO 199:2023 Rolling bearing များ — Thrust bearing များ - ဂျီဩမေတြီ ဆိုင်ရာ ထုတ်ကုန်အသေးစိတ် အချက်အလက်များနှင့် ခွင့်ပြုနိုင်သည့်တန်ဖိုးများ

၅၂။ MMS ISO 355:2019 Rolling bearing များ — Tapered roller bearing များ — အတိုင်းအတာသတ်မှတ်ချက်များနှင့် စီးရီးအလိုက်အမှတ်အသားများ

၅၃။ MMS ISO 582:1995+ Amd 1:2013 Rolling bearing များ— Chamfer အတိုင်းအတာများ - အများဆုံးတန်ဖိုး

၅၄။ MMS ISO 677:1976 အထွေထွေအင်ဂျင်နီယာလုပ်ငန်းများနှင့် ကြီးမားသည့် အင်ဂျင်နီယာလုပ်ငန်းများတွင် အသုံးပြုသည့် Straight bevel ဂီယာများ- အခြေခံဂီယာသွားပုံစံ

၅၅။ MMS ISO 678:1976 အထွေထွေအင်ဂျင်နီယာလုပ်ငန်းများနှင့် ကြီးမားသည့် အင်ဂျင်နီယာလုပ်ငန်းများတွင် အသုံးပြုသည့် Straight bevel ဂီယာများ - မော်ဂျူးနှင့် အချင်းပေါ် မူတည်သည့် ဂီယာသွားအကွာအဝေးအတိုင်းအတာများ

၅၆။ MMS ISO 3069:2000 End-suction centrifugal pump များ- စက်အရစ်ပိတ်များနှင့် Soft packing များအတွက် အခေါင်းပေါက်များ၏ အတိုင်းအတာများ

၅၇။ MMS ISO 3661:1977 End-suction centrifugal pump များ- အောက်ခံပြားနှင့် တပ်ဆင်မှုအတိုင်းအတာများ

၅၈။ MMS ISO 5198:1987 ဗဟိုခွာ၊ ရောစပ်စီးဆင်းမှုနှင့် ဝင်ရိုးတည့်ပန့်များ — ဟိုက်ဒရောလစ်စွမ်းဆောင်ရည် စမ်းသပ်မှုများအတွက် လုပ်ထုံးလုပ်နည်း — တိကျမှုအဆင့်

၅၉။ MMS ISO 5593:2023 Rolling bearing များ - ဝေါဟာရများ

၆၀။ MMS ISO 9905:1994+Amd 1:2011+ Cor 1:2005 ဗဟိုခွာပန့် (Centrifugal Pump)များအတွက် နည်းပညာဆိုင်ရာ အသေးစိတ်ဖော်ပြချက်များ- အတန်းအစား ၁- ပြင်ဆင်ချက် ၁

၆၁။ MMS ISO 9906:2012 ရိုတိုဒိုင်းနမစ်ပန့်များ — ဟိုက်ဒရောလစ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည် ခွင့်ပြုလက်ခံသည့် စမ်းသပ်မှုများ— အဆင့်သတ်မှတ်ချက် ၁၊ ၂ နှင့် ၃

၆၂။ MMS ISO 9908:1993+ Amd 1:2011 Centrifugal Pump များအတွက် နည်းပညာဆိုင်ရာအသေးစိတ်ဖော်ပြချက်များ - အတန်းအစား ၃

၆၃။ MMS ISO/ASME 14414:2019 ပန့်စနစ် စွမ်းအင်အကဲဖြတ်ခြင်း

၆၄။ MMS ISO 11485-1:2011 အဆောက်အဦများတွင် အသုံးပြုသောမှန်-မှန်အကွေး-အပိုင်း ၁: ဝေါဟာရနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၆၅။ MMS ISO 11485-2:2011 အဆောက်အဦများတွင် အသုံးပြုသောမှန်- မှန်အကွေး-အပိုင်း ၂: ဝေါဟာရနှင့် အရည်အသွေးဆိုင်ရာ လိုအပ်ချက်များ

၆၆။ MMS ISO 11485-3:2014 အဆောက်အဦများတွင် အသုံးပြုသောမှန်- မှန်အကွေး-အပိုင်း ၃: ဘေးကင်းရန်စီမံထားသည့် အားဖြည့်မှန်အကွေးနှင့် လွှာထပ်မှန်အကွေးတို့အတွက် လိုအပ်ချက်များ

၆၇။ MMS 63:2025 မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ စံချိန်စံညွှန်း

၆၈။ MMS ISO 15189:2022 ဆေးပညာဆိုင်ရာဓာတ်ခွဲခန်းများ - အရည်အသွေးနှင့် ကျွမ်းကျင်မှုအတွက် လိုအပ်ချက်များ

၆၉။ MMS ISO 15195: 2018 ဓာတ်ခွဲခန်းဆိုင်ရာဆေးပညာ — ကိုးကားတိုင်းတာသည့်နည်းလမ်းများကို အသုံးပြု၍ စံကိုက်ညှိတိုင်းတာခြင်း ဓာတ်ခွဲခန်းများ၏ အရည်အသွေးဆိုင်ရာ လိုအပ်ချက်များ

၇၀။ MMS ISO/IEC TS 17021-15:2023 စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေး ထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သော အဖွဲ့များအတွက် အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းဆိုင်ရာ လိုအပ်ချက်များ - အပိုင်း(၁၅) -ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းများအတွက် စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

၇၁။ MMS ISO 22095:2020 ချိတ်ဆက်ဆောင်ရွက်ရန်ကွင်းဆက်- အထွေထွေဝေါဟာရများနှင့် ပုံစံများ

၇၂။ MMS ISO 22367:2020 ဆေးပညာဆိုင်ရာ ဓာတ်ခွဲခန်းများ - ဆေးပညာဆိုင်ရာဓာတ်ခွဲခန်းများတွင် အန္တရာယ်များကိုစီမံခန့်ခွဲမှုပြုလုပ်ခြင်း

၇၃။ MMS ISO/IEC TS 27006-2:2021 သတင်းအချက်အလက်လုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ- အပိုင်း(၂)- ကိုယ်ရေးကိုယ်တာ အချက်အလက်စီမံခန့်ခွဲမှုစနစ်များ

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကျောက်မဲမြို့အား ပြည်လည်ထိန်းချုပ်




☆ ကျောဖုံးမှ
နောင်ပိန်ကျေးရွာတို့အား ပထမအဆင့်ထိန်းချုပ်နိုင်ရေး မြေပြင်အနေအထားအရ အခက်အခဲအတားအဆီးများစွာ ရှိသည့် ဂုတ်တွင်းတံတား၊ ဂုတ်ထိပ်မီးရထားလမ်းတံတားနှင့် ရှုခင်းသာအပါအဝင် ပထမအဆင့် ထိန်းချုပ်ရမည့် အရေးကြီးနေရာများအား TNLAနှင့် မဟာမိတ်များ မမျှော်လင့်သောလမ်းကြောင်းမှ ချဉ်းကပ်ထိုးဖောက်လျက် ဩဂုတ်လ ၂၉ ရက်တွင် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ခရိုင် မြို့တော်ကြီးတစ်ခုဖြစ်သည့် ကျောက်မဲမြို့အား အမြန်ဆုံးသိမ်းပိုက်နိုင်ရေးနှင့် နောင်ချို-ကျောက်မဲ လမ်းပိုင်းအမြန်ဆုံးဖွင့်လှစ်နိုင်ရေး၊ TNLA နှင့် DPLA၊ PDF အမည်ခံ ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၉ ရက်မှစ၍ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးဖြင့် မြေပြင်/ဝေဟင် ပေါင်းစပ်ညှိနှိုင်းကာ စစ်ကြောင်းများခွဲ၍ တန်ပြန်တိုက်စစ်များဖြင့် အဆင့်ဆင့် ထိုးဖောက်တိုက်ခိုက်ချေမှုန်းမှု ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် မန်ကွတ်ကျေးရွာ၊ စက်တင်ဘာ ၁၂ ရက်တွင် ပပုတ်ကျေးရွာ၊ စက်တင်ဘာ ၁၃ ရက်တွင် ခေးလောင်းကျေးရွာ၊ စက်တင်ဘာ ၁၅ ရက်တွင် ပန်းမလွတ်ကျေးရွာ၊ စက်တင်ဘာ ၁၇ ရက်တွင်ပိတက်ကျေးရွာနှင့် ပံတီးကျေးရွာ၊ စက်တင်ဘာ ၁၈ ရက်တွင် ကောင်းမှုလိန်ကျေးရွာ၊ စက်တင်ဘာ ၁၉ ရက်တွင် မန်ပန်ကျေးရွာ၊ စက်တင်ဘာ ၂၀ ရက်တွင် ပွိုင့်-၁၂၁၂ တောင်ကုန်း၊ ခိုက်တုန်ဟုန်းကျေးရွာနှင့် ကုန်းကော်ကျေးရွာ၊ စက်တင်ဘာ ၂၁ ရက်တွင် တောင်ဆေးလိပ်ကျေးရွာ (တောင်ပိုင်း)၊ တောင်ဆေးလိပ်ကျေးရွာ (မြောက်ပိုင်း)၊ စက်တင်ဘာ ၂၂ ရက်တွင် နားအိုက်ခမ်းကျေးရွာ စက်တင်ဘာ ၂၅ ရက်တွင် မြင်းကွင်းကျေးရွာနှင့် နားချောင်းကျေးရွာ၊ စက်တင်ဘာ ၂၇ ရက်တွင် ခမ်းဆာကျေးရွာနှင့် မန်လွယ်ကျေးရွာ စက်တင်ဘာ ၂၉ ရက်တွင် ပင်တီးကျေးရွာ၊ စခန်းသာကျေးရွာ၊ လုံဝယ်ကျေးရွာ၊ နမ့်ဟူးကျေးရွာ၊ ပေါက်အံလေးကျေးရွာနှင့် ပေါက်အံကြီးကျေးရွာ၊ စက်တင်ဘာ ၃၀ ရက်တွင် နမ့်ဆောကျေးရွာ၊ ခိုမောင်းကျေးရွာနှင့် ကောင်းအိုက်ကျေးရွာတို့နှင့် ၎င်းကျေးရွာများအနီးတစ်ဝိုက်ရှိ ရန်သူ့စခန်းကုန်းများကို အဆင့်ဆင့်ပြန်လည် သိမ်းပိုက်ရရှိခဲ့ပြီး ယနေ့ အောက်တိုဘာ ၁ ရက် ညနေ ၄ နာရီခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်၍ နယ်မြေခံတိုင်းရင်းသားများအပေါ် မတရားဖိနှိပ်ချုပ်ချယ်ထားသည့်ကျောက်မဲမြို့အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ၎င်းတို့၏ ပလောင်ပြည်နယ်ရရှိရေး စိတ်ကူးယဉ်အိပ်မက်များတွင်ပါဝင်သည့် မြို့/ရွာများအား တပ်မတော်စစ်ကြောင်းများက တစ်မြို့ပြီးတစ်မြို့ ပြန်လည်ထိန်းချုပ်ပြီး ၎င်းတို့၏ စိတ်ကူးယဉ် အိပ်မက်များကို တစ်ခုပြီးတစ်ခု ရိုက်ချိုးနိုင်ခဲ့ကာ ကျောက်မဲ-နောင်ချို-ပြင်ဦးလွင် ပြည်ထောင်စု ကားလမ်းပိုင်းအား ပြန်လည်စိုးမိုးထိန်းချုပ်နိုင်ခဲ့ပြီး ဖြစ်သည်။

ထိုသို့ အဆင့်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ စစ်ဆင်ရေးကာလ ၂၁ ရက်တာကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၃၆ ကြိမ်၊ ထိတွေ့မှု ပေါင်း ၇၆ ကြိမ် စုစုပေါင်း ၁၁၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၆၁ လောင်း၊ လက်နက် ၄၁ လက်၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည် အချို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

TNLA၊ DPLA နှင့် PDF အမည်ခံ အကြမ်းဖက် လက်နက်ကိုင် သောင်းကျန်းသူများ အနေဖြင့် ကျောက်မဲမြို့မှ ဆုတ်ခွာထွက်ပြေးစဉ် ကျောက်မဲမြို့မရဲစခန်း၊ EPC Station၊ ခရိုင်သစ်တောရုံး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၊ မီးသတ်ဦးစီးဌာန အဆောက်အအုံ၊ စာသင်ကျောင်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား ယုတ်မာရိုင်းစိုင်းစွာဖြင့် အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် အပြင် ခေတ္တထိန်းချုပ်စဉ်ကာလအတွင်း မြို့/ရွာများအတွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့်လူနေအိမ်များတွင် ဘန်ကာများ ဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများ လုပ်ဆောင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားလူမျိုးပေါင်းစုံတို့ကလည်း အဆိုပါအကြမ်းဖက် သောင်းကျန်းသူများအပေါ် လွန်စွာစက်ဆုပ်ရွံရှာမုန်းတီးခြင်းနှင့်အတူ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ

**စာမျက်နှာ ၁၅ သို့ ❖**




တပ်မတော်စစ်ကြောင်းများက ကျောက်မဲခရိုင်အားကစားကွင်းအား သိမ်းပိုက်ရရှိမှုမှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ကျောက်မဲမြို့နယ် မီးသတ်ရုံးအား သိမ်းပိုက်ရရှိမှုမှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးအား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများအား ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနေသည့် မှတ်တမ်းဓာတ်ပုံ။



TNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ကျောက်မဲမြို့နယ် မီးသတ်ရုံးအား မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။



TNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဌာနဆိုင်ရာအဆောက်အအုံများနှင့် ပြည်သူပိုင်အဆောက်အအုံများအား မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။



TNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ကျောက်မဲမြို့မရဲစခန်းအား မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။



TNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ကျောက်မဲမြို့နယ် မီးသတ်ရုံးအား မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။



TNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ကျောက်မဲမြို့မရဲစခန်းအား မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

❖စာမျက်နှာ ၁၄ မှ

အပါအဝင် ဒေသခံပြည်သူများသည် ဆင်းရဲမွဲတေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာမြို့/ရွာများရှိ ဆွေမျိုးများ၏ နေအိမ်များ၊ ယာယီနေရပ်စွန့်ခွာစခန်းများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

အလားတူ အကြမ်းဖက်သောင်းကျန်းသူ များသည် တပ်မတော် စစ်ကြောင်းများနှင့် တိုက်ပွဲများ ဖြစ်ပွားစဉ်ကာလအတွင်း ၂၀၂၅ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အပိုင်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၇၈/၂-၇၈/၃)အတွင်း တည်ရှိသည့် တံတားအမှတ်(၉/၈၄)၊ သံကူကွန်ကရစ် တံတားအားလည်းကောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဂုတ်တွင်းတံတား (အသစ်)နှင့် (အဟောင်း)နေရာနှစ်ခုကို ဒုတိယအကြိမ်မြောက် အဖြစ်လည်းကောင်း၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၄ ရက်တွင် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာကျော် ရှေးဟောင်းမီးရထားလမ်းတံတား တစ်စင်းဖြစ်သည့် ဂုတ်ထိပ်တံတား (ကျောက်မဲမြို့ဘက်အခြမ်း)အား လည်းကောင်း ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ခြင်းနှင့် နောင်ချို-ကျောက်မဲလမ်းကြောင်း တစ်လျှောက်၌ လမ်းပန်းဆက်သွယ်ရေးများ အခက်အခဲဖြစ်စေရန်အတွက် အတားအဆီးများပြုလုပ်၍ လမ်းများပိတ်ဆို့ထားခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။

ထို့ကြောင့် တပ်မတော် စစ်ကြောင်းများက လမ်းကြောင်းတစ်လျှောက်ရှိ အတားအဆီးနေရာများအား လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ ဖယ်ရှား ရှင်းလင်းခြင်းလုပ်ငန်းများနှင့် ဂုတ်တွင်းတံတားအား အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေး ပို့ဆောင်ဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရေးတို့အတွက် တပ်မတော်မှ စစ်မြေပြင်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များက ယာယီ သံပေါင်ဘေလီတံတားထိုးခြင်းလုပ်ငန်းများကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၉ ရက်မှစ၍ နေ့/ည မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူများ ဆင်ခြင်တုံတရားမဲ့စွာ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဂုတ်တွင်းတံတားနေရာ၌ ယခုအခါ အလျား ပေ ၁၅၀၊ တံတား အကျယ် ၁၈ ပေရှိ သံပေါင် ဘေလီအမျိုးအစားတံတားသစ်ကြီးကို စက်တင်ဘာ ၁၂ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည့်အတွက် တပ်မတော်စစ်ကြောင်းများက အဆိုပါ ကျောက်မဲ-နောင်ချို-ပြင်ဦးလွင် ပြည်ထောင်စု လမ်းမကြီး တစ်လျှောက် ဒေသခံခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ စိတ်အေးချမ်းသာစွာ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ရေး လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကမ္ဘာ့သမိုင်းဝင် ဂုတ်ထိပ်မီးရထားလမ်းတံတား ပျက်စီးမှုအပိုင်းကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ အကူအညီဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများကလည်း နေ့မအား၊ ညမနား ပြုပြင်လျက်ရှိရာ ယခုအခါ ၅၉ ဒသမ ၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ယခုကဲ့သို့ နောင်ချိုမြို့မှ ၃၃ ကီလိုမီတာအကွာရှိ ကျောက်မဲမြို့အား ၂၀ ရက်တာကာလအတွင်း တပ်မတော် စစ်ကြောင်းများက ပြန်လည် သိမ်းပိုက်နိုင်ခြင်းမှာ အကြမ်းဖက် သောင်းကျန်းသူများ၏ လူမဆန်သောလုပ်ရပ်များ၊ အဓမ္မနိုင်ထက် စီးနင်းပြုမူမှုများနှင့် လူမျိုးရေးခွဲခြားမှုပုံစံများအပေါ် ရွံရှာအော့နှလုံးနာနေကြသည့် ဒေသခံလူငယ်၊ လူလတ်နှင့် လူကြီးပိုင်း အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက အကြမ်းဖက်သောင်းကျန်းသူများ၏ လှုပ်ရှားမှုနှင့် တည်နေရာများအား နောင်ချိုမြို့ သိမ်းပိုက်ပြီး နောက်ပိုင်းမှစ၍ တပ်မတော် စစ်ကြောင်းများအပေါ် အားကိုးကြီးစွာဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့မှုအပေါ် တပ်မတော်စစ်ကြောင်းများကလည်း ပြည်သူ့သားအမိ၊ ပြည်သူ့သားအဖ ခံယူချက်အတိုင်း ဒေသခံပြည်သူများအပေါ် မိမိတို့၏ အမိအဖ၊ ဆွေမျိုးများကဲ့သို့ တစ်သားတည်းထင်ဟပ်လျက် အကြမ်းဖက်သောင်းကျန်းသူများ၏ ဒုက္ခဘေးအန္တရာယ်မှ အမြန်ဆုံးလွတ်မြောက်စေရေး ရဲ ၃ ရဲ၊ မြဲ ၃ မြဲဖြင့် ရင်ကို မြေကတုတ်လုပ်၍ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်နှင့် လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် တိုက်လိုခိုက်လိုစိတ် ပြင်းပြစွာ တိုက်ပွဲဝင်ခဲ့၍လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း)ခရိုင် မြို့တော်ကြီးတစ်ခုဖြစ်သည့် ကျောက်မဲမြို့အား အမြန်ဆုံး ပြန်လည်သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ကျောက်မဲမြို့အား ယနေ့တွင် တပ်မတော်က



အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဂုတ်တွင်းတံတားအား တပ်မတော်က ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများကလည်း တပ်မတော်စစ်ကြောင်းများကို အောင်သပြေများ၊ ပန်းကုံးများဖြင့် ဝမ်းသာအားရ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် နောင်ချိုမြို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးသကဲ့သို့ပင် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသား မိဘပြည်သူများနှင့် ဆွေမျိုးများ ပြန်လည်ဝင်ရောက်၍ အေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေး၊ အဆိုပါ ဒေသတည်ငြိမ်အေးချမ်းရေးတို့အတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter–Terrorism Operation) များကို ဒေသခံ ပြည်သူများနှင့် ပူးပေါင်းကာ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက် သွားမည်ဟု သိရှိရသည့်အပြင် အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာမည့် ရင်သွေးငယ် သား/သမီးများကလည်း ပညာရည်နို့ သောက်ယူနိုင်မည့် အခွင့်အရေးများ ရရှိလာတော့မည် ဖြစ်သလို ဒေသခံ ပြည်သူများအနက် အသက် ၁၈ နှစ်ပြည့်ပြီးသူများသည်လည်း မကြာမီကျင်းပပြုလုပ်တော့မည့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် အချိန်မီ မဲပေးနိုင်တော့မည့် နိုင်ငံသားအခွင့်အရေးများကိုလည်း အပြည့်အဝ ခံစားကြရတော့မည်ဖြစ်၍ အထူးပင်ဝမ်းမြောက်ဂုဏ်ယူနေကြကြောင်း သိရသည်။ **သတင်းစဉ်**



TNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ကျောက်မဲခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးအား ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။



ရန်သူ့ အလောင်း/လက်နက်များအား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။







ရန်သူ့ အလောင်း/လက်နက်များအား သိမ်းပိုက် ရရှိမှု မှတ်တမ်းဓာတ်ပုံ။



ရန်သူ့ထံမှ လက်နက်/ခဲယမ်းများအား သိမ်းပိုက် ရရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဂုတ်ထိပ်မီးရထား သံလမ်းတံတားအား ပြန်လည်ပြုပြင်တည်ဆောက် နေသည့် မှတ်တမ်းဓာတ်ပုံ။



ရန်သူ့ထံမှ လက်နက်/ခဲယမ်းများအားသိမ်းပိုက် ရရှိမှု မှတ်တမ်းဓာတ်ပုံ။



ရန်သူ့ထံမှ လက်နက်/ခဲယမ်းများအားသိမ်းပိုက် ရရှိမှု မှတ်တမ်းဓာတ်ပုံ။



ရန်သူ့ထံမှ လက်နက်/ခဲယမ်းများအားသိမ်းပိုက် ရရှိမှု မှတ်တမ်းဓာတ်ပုံ။

## မြိတ်မြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

မြိတ် အောက်တိုဘာ ၁

တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့ ပုလဲရတနာခန်းမ၌ (၆၁) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြိတ်ခရိုင်ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပပြီး မှုခင်းများ စွမ်းစွမ်းတမံ ဖော်ထုတ်ဖမ်းဆီးခဲ့သော ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်သည်။



အခမ်းအနားတွင် မြိတ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးမျိုးဦးက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုအမှာစကားပြောကြားပြီး ရဲချုပ်ထံမှ ပေးပို့သော (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ သဝဏ်လွှာအား မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး သန်းနုက ဖတ်ကြားသည်။ ထို့နောက် မှုခင်းများ စွမ်းစွမ်းတမံ ဖော်ထုတ်ဖမ်းဆီးခဲ့သော ရဲအရာရှိများ၊ အခြားအဆင့် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသူများအား ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

မြိတ်ခရိုင်အတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ၁၃၃ မှု၊ တရားခံ ၂၀၀၊ ၂၀၂၅ ခုနှစ်တွင် ယနေ့အထိ အမှု ၁၀၀၊ တရားခံ ၁၅၄ ဦးကို မြိတ်ခရိုင်ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



## လွိုင်လင်မြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

လွိုင်လင် အောက်တိုဘာ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ လွိုင်လင်တပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင် တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။ ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လှုပ်ရှားဆောင်ရွက်ခဲ့သည့် ဗီဒီယိုကလစ်ကိုပြသခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးညွန့်ထွန်းနှင့် တာဝန်ရှိသူများက ဖိတ်ကြားထားသော ဧည့်သည်များထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ထူးချွန်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်း၊ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

လွိုင်လင်မိုး



## ပြင်ဦးလွင်မြို့၌ (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

ပြင်ဦးလွင် အောက်တိုဘာ ၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ (၆၁) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့တွင် ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ ရဲကျော်သူခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး တာဝန်ရှိသူများက ခရိုင်အတွင်းရှိ ရဲစခန်းများ၏ ကြိုးစားအားထုတ်မှု၊ မှုခင်းဖော်ထုတ်ဖမ်းဆီးရရှိမှု၊ ပြေးလေးပြေး ဖော်ထုတ်ရရှိမှု အစရှိသော ဆုရရှိသည့် ရဲတပ်ဖွဲ့ဝင်များအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ခရိုင်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခရိုင်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာနှင့်ပတ်သက်သည့် ဆုများကို ရဲတပ်ဖွဲ့ဝင်ဇနီးများအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကော့သောင်းမြို့၌ (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

ကော့သောင်း အောက်တိုဘာ ၁

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဟန်လင်းအောင်က (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်က (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။ ဆက်လက်၍ စွမ်းဆောင်ရည်ဆုရရှိကြသော ရဲတပ်ဖွဲ့ဝင်များနှင့် လူပုဂ္ဂိုလ်တို့အား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ ယင်းနောက် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကို ပြသခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## ကျိုက်ထိုမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

ကျိုက်ထို အောက်တိုဘာ ၁

မွန်ပြည်နယ် ကျိုက်ထိုခရိုင်တွင် (၆၁) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

ဦးစွာမြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သော (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်သဝဏ်လွှာအား ကျိုက်ထိုခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦးက ဖတ်ကြားပြီး နေအိမ်လိုင်းခန်း (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိသော မိသားစုဝင်များအား ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘုတ်ပြင်းမြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

ဘုတ်ပြင်း အောက်တိုဘာ ၁

တနင်္သာရီ တိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘုတ်ပြင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဘုတ်ပြင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကိုက အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ပေးပို့သည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ သဝဏ်လွှာအား ဘုတ်ပြင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင်က ဖတ်ကြားသည်။

ဆက်လက်၍ ရဲမှုထမ်းကောင်း တံဆိပ်၊ မှုခင်းကြိုတင်ကာကွယ်မှု အများဆုံးဖမ်းဆီးနိုင်သည့် တပ်ဖွဲ့ဝင်များ၊ အကြမ်းဖက်သောင်းကျန်းသူများ တိုက်ခိုက်လာမှုအပေါ် မိမိရဲစခန်းမကျစေရေး စိတ်ဓာတ်ကောင်းမွန်စွာဖြင့် ရန်သူကို ရွပ်ရွပ်ချွံချွံကြံကြံခံ ခုခံတိုက်တိုက်ခဲ့သည့် သက်ဆိုင်ရာနယ်မြေရဲစခန်းများမှ တာဝန်ရှိသူများနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများတွင် လိုက်ပါ ကူညီဆောင်ရွက်ခဲ့သည့် ရပ်ကွက်/ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများအား ဂုဏ်ပြုဆုနှင့် အမှတ်တရ လက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မူဆယ်မြို့၌ (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

မူဆယ် အောက်တိုဘာ ၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ပေးပို့သည့် သဝဏ်လွှာအား မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပြည့်ဝင်းအောင်က ဖတ်ကြားပေးသည်။



ယင်းနောက် တစ်ဆင့်တိုးရာထူးအဆင့် တံဆိပ်ရရှိခဲ့သည့် ရဲတပ်ဖွဲ့ဝင် ငါးဦးအား ရာထူးအဆင့်တံဆိပ်ကို မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူးက တပ်ဆင်ပေးခဲ့သည်။ ဆက်လက်၍ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ပြသပေးခဲ့ကြောင်း သိရသည်။

ချယ်ရီမြေ (မူဆယ်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ်ကြေညာ



**ဖျာပုံ**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် မြို့နယ်အတွင်းရှိဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများ၏မဲစာရင်းများကို ပထမအကြိမ်မဲစာရင်း ကပ်ထားကြေညာမှုအား အောက်တိုဘာ ၁ ရက်နံနက်ပိုင်းက ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ထန်းတပင်(ပဲခူး)**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစတင်၍ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



**မက်မန်း**

ရှမ်းပြည်နယ် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက မြို့ပေါ်ရပ်ကွက်နှစ်ရပ်ကွက်နှင့် ကျေးရွာ ၁၁ ရွာတွင် ပထမအကြိမ်ကပ်ထားကြေညာထားရှိသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများကို “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့အတွင်းရေးမှူး ဦးကျော်မြင့်လှိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးသည်။

မက်မန်းမြို့နယ်တွင် ရပ်ကွက်နှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာ ၉၇ ရွာရှိကာ ပထမအကြိမ်ကပ်ထားကြေညာထားသော မဲဆန္ဒရှင်စာရင်းမှာ ၉၂၇၃ ဦးရှိကာ မဲရုံပေါင်း ၃၃ ရုံ ရှိကြောင်း သိရသည်။

**အေဇက်ထွန်း(မက်မန်း)**

**တိုက်ကြီး**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး လွှတ်တော်ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်း (နည်းဥပဒေ-၄) တွင် ပါဝင်သည့် မဲဆန္ဒရှင်အမည်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှစတင်၍ ရပ်ကွက်/ကျေးရွာများအလိုက် ကပ်ထားကြေညာလျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**



**မင်းတုန်း**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ယမန်နေ့နံနက် ၇ နာရီက ပထမအကြိမ် ကပ်ထား ကြေညာရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၊ ဓမ္မာရုံများနှင့် ဘက်စုံသုံးခန်းမများတွင် ကပ်ထားခဲ့ကြသည်။

မင်းတုန်းမြို့နယ်၌ ၂၀၂၅ ခုနှစ်အတွင်း ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ရပ်ကွက်/ကျေးရွာအုပ်စု ၁၈ အုပ်စုရှိ မဲရုံ ၁၉ ရုံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ချင်းကလေး(NRDC)**



**ပူတာအို**

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် မြို့နယ်အလိုက် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများ၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် စာရင်းအား ပထမအကြိမ်ထုတ်ပြန်ကြေညာထားရှိမှုများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ပူတာအိုခရိုင်အတွင်းရှိ ပူတာအို၊ မချမ်းဘော၊ နောင်မွန်၊ ခေါင်လန်ဖူးမြို့နယ်တို့တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ၇၈ ရုံး၌ တစ်ပြိုင်တည်းထုတ်ပြန်ကြေညာထားခြင်းဖြစ်သည်။

အဆိုပါမဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာထားရှိမှုများကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**





**ကြံခင်း**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်းများကို ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကြေညာထားလျက်ရှိရာ အောက်တိုဘာ ၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် အတွင်းရေးမှူး ရဲမှူးကြည်စိုး၊ အဖွဲ့ဝင် မြို့နယ်လဝကဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်မင်း၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်ဝင်းဝင်းမြင့်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံး ၃၅ ရုံးတွင် (ပထမအကြိမ်) အဖြစ် ကပ်ထားကြေညာပေးမည်ဖြစ်ပြီး ကြံခင်းမြို့နယ်အတွင်း စုစုပေါင်းလျာထားမဲရုံ ၈၄ ရုံဖြင့် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**




**ကော့မှူး**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲရုံအလိုက်ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက် နံနက် ၆ နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းရှိ ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၅ အုပ်စုတို့ရှိ အုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာထားကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**



**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ၏ မဲစာရင်းများကို ပထမအကြိမ် ရပ်ကွက်များအလိုက်ကပ်ထားကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ရပ်ကွက်ပေါင်း ၂၀ ရှိ အုပ်ချုပ်ရေးမှူးရုံးများတွင် မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ

**(၇၉)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၅ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့**

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု
ဆ - ၁၄၇၃၇၁
ကံထူးရှင်(၁)ဦး

## အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ
က- ၃၉၁၀၁၈ ည- ၅၉၁၉၉၄
ကံထူးရှင်(၂)ဦး

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ
ဃ- ၃၄၀၇၁၉ ခ - ၈၄၁၆၇၉
ကံထူးရှင်(၂)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ
ည - ၄၃၃၀၂၄ ဈ - ၆၁၃၀၈၉
စ - ၅၁၀၆၅၇
ကံထူးရှင်(၃)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ
ခ - ၁၄၂၂၈၀ င - ၇၅၂၄၁၉
က - ၁၅၅၅၂၃ ဆ - ၉၃၁၈၃၀
ဃ - ၇၁၅၅၅၃
ကံထူးရှင်(၅)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ
ဃ - ၁၃၉၆၆၆ ဃ - ၄၅၄၅၇၅ ဃ - ၆၁၇၁၆၄
ဆ - ၂၇၈၈၄၇ က - ၄၆၇၇၂၅ ခ - ၈၂၅၄၅၇
က - ၃၅၄၆၅၆ ည - ၅၉၃၃၁၆ က - ၉၉၈၈၉၅
ကံထူးရှင်(၉)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ
ဈ - ၁၀၂၂၃၅ ည - ၇၃၉၈၀၀
ဈ - ၁၅၅၄၆၂ ဇ - ၇၄၂၄၀၀
က - ၂၅၄၇၉၄ ည - ၈၂၅၅၃၉
ခ - ၃၃၈၉၃၂ ဃ - ၉၃၉၄၂၉
ဇ - ၃၇၉၈၂၆ င - ၉၄၅၈၁၀
ဈ - ၅၆၀၈၃၆ ဈ - ၉၈၇၀၀၈
ဂ - ၇၃၇၅၁၂
ကံထူးရှင်(၁၃)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ
က- ၃၂၁၁၃၆ ဈ - ၆၂၄၅၉၄ င - ၈၃၀၇၁၇
စ - ၃၃၅၃၁၃ ဃ - ၆၃၅၅၄၉ ဂ - ၉၀၃၀၃၇
စ - ၃၆၃၇၆၇ ဃ- ၆၄၅၉၉၃ ဃ- ၉၂၄၂၃၂
ဇ - ၄၆၅၇၅၀ ခ - ၇၅၉၂၇၈ ဃ- ၉၄၂၁၀၈
ဂ - ၄၈၉၈၂၀ ဂ - ၇၇၄၂၉၃ ဃ- ၉၆၃၉၇၃
ည- ၆၁၈၇၆၀ ခ - ၈၂၃၁၂၉
ကံထူးရှင်(၁၇)ဦး

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ
ဂ - ၂၀၉၃၁၅ က - ၆၅၅၈၃၃
ည - ၂၁၄၄၂၀ ဇ - ၆၅၉၁၂၇
ဈ - ၂၆၅၉၆၉ ခ - ၆၈၅၀၃၁
ဂ - ၃၀၇၂၁၁ ဂ - ၆၉၅၂၇၀
ဆ - ၃၀၈၆၂၅ ဆ - ၈၄၇၀၀၀
င - ၃၉၂၉၇၅ င - ၈၇၇၈၆၆
ဂ - ၄၅၄၆၂၈ ဂ - ၈၈၈၁၅၃
ဆ - ၅၁၃၉၉၄ ည - ၉၅၂၅၆
ဃ - ၅၂၆၃၆၅ ခ - ၉၈၉၇၄၃
င - ၅၃၁၆၆၄
ကံထူးရှင်(၁၉)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်
ခ - ၂၆၈၃၇
စ - ၃၃၇၅၁
ဂ - ၈၈၈၈၃
အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း
ကံထူးရှင်(၃၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၈)ယူနစ်
ည - ၂၀၉၅ ဃ - ၅၄၆၁
က - ၂၆၅၆ ဆ - ၆၀၁၈
ခ - ၃၂၈၇ ခ - ၉၂၁၈
စ - ၅၁၉၇ ည - ၉၄၃၆
အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း
ကံထူးရှင်(၈၀၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၅)ယူနစ်
စ - ၁၁၂ ဃ - ၃၇၄ ည - ၉၄၉
ဈ - ၂၉၀ ဇ - ၅၀၃
အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း
ကံထူးရှင်(၅၀၀၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၅)ယူနစ်
ဈ - ၂၂ ခ - ၄၃ င - ၇၈ ဂ - ၉၁ ဃ - ၉၇
အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း
ကံထူးရှင်(၅၀၀၀၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်
ဃ - ၁
အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း
ကံထူးရှင်(၉၉၉၉၈)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

## ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ
ခ - ၁၀၆၅၂၄ င - ၂၈၈၂၄၅
င - ၁၆၁၃၆၀ က - ၄၅၁၉၃၂
ကံထူးရှင်(၄)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်
ဆ - ၁၅၁၁၇ ဆ - ၈၃၀၃၉
အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း
ကံထူးရှင်(၂၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်
စ - ၆၁၈၁ က - ၇၇၀၉
အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း
ကံထူးရှင်(၂၀၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်
ဈ - ၃၈၅ ဆ - ၇၈၀
အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း
ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ကျင်းပသည့် (၇၉)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၅၈၁၂၃) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၁၅၈၁၂၃) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၈၀)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဠ) အက္ခရာထိ အက္ခရာ (၁၁)လုံး ဖြစ်ပါသည်။

၃။ (၇၉)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၁၀-၂၀၂၅) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို(၁၅-၁၀-၂၀၂၅) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ ဗိုလ်ဂါမဏီလမ်း၊ မြေကွက်အမှတ်(၁၀၅)ဟုခေါ်တွင်သော ဦးမောင်လွင်အမည်ပေါက်သည့် ပါမစ်(မိတ္တူ)ပါ မြေအကျယ် (ပေ ၄၀ x ပေ ၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၁၀၄)နှင့်ကပ်လျက် မြေကွက်၊ မြေကွက်ကိုမျက်နှာမူလျှင် (ညာဘက်ခြမ်း) မြေအကျယ်ပေ(၂၀ပေx၆၀ပေ)ရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်ကိုလွင် [၆/တသရ(နိုင်)၀၄၃၃၈၆] ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေများ ဦးလင်းလင်းချမ်း[၁၂/မဂတ(နိုင်)၀၈၇၆၉၈]၊ ဦးထွဋ်ဦး [၁၂/ပဇတ(နိုင်)၀၀၂၆၃]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၅)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ညွှန်ကြားသူများ**
**ဦးလင်းလင်းချမ်း၊ ဦးထွဋ်ဦး**

**ညွှန်ကြားချက်အရ–**
**ဒေါ်ဟန်နီထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၃၆၉)**
**အမှတ်(၆၄၀၊ ခ)၊ သမိန်ဗရမ်းလမ်း၊ ၃၅–ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉– ၅၀၅၄၁၂၆**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၃၉၊ မြေကွက်အမှတ်(၂၃၉)၊ အကျယ်အဝန်း (၄၀ ပေx ၆၀ပေ)ရှိ ဦးကြည်မြင့်အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်ကို အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဥက္ကာ [၁၂/ကမန(နိုင်)၀၉၈၀၀၅]ထံမှ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမှမရှိ ကင်းရှင်းကြောင်းဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းခမ်းမိုင် [၁၃/လရန(နိုင်)၁၁၀၆၆၁]နှင့် ဒေါ်ယုမြတ်အေး [၁၄/ကပန(နိုင်)၁၃၄၉၀၀]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်မှုကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄ )ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ သတ်မှတ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘိုဘိုထွန်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၈၀၁၆/၂၀၁၆)**
**အမှတ် (B1–11)၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ သဃ်ာန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၃၀၉၁၉၃၃၊ ၀၉–၆၉၄၉၁၇၇၀၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၊ ၃၂/ပေါင်းလောင်း–၂၊ မြေကွက်အမှတ်(၁၂၃၀)၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဒေါ်နန်းစံဟွမ်[၁၃/လရန(နိုင်)၀၈၃၀၇၀]မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး **ဒေါ်မျိုးချစ်စုကျော် [၁၂/အလန(နိုင်)၀၄၂၇၀၆] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၊ ၃၂/ပေါင်းလောင်း–၂၊ မြေကွက်အမှတ် (၄၄၃၉)၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဦးကျော်သင်း[၉/ပမန(နိုင်)၁၀၃၃၅၅]မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး **ဒေါ်လှိုင်ဖူးပွင့်[၉/ပမန(နိုင်)၂၂၁၆၅၂] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၊ ၃၂/ပေါင်းလောင်း–၂၊ မြေကွက်အမှတ်(၁၂၃၁)၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဒေါ်နန်းစံဟွမ် [၁၃/လရန(နိုင်)၀၈၃၀၇၀]မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး **ဒေါ်မျိုးချစ်စုကျော် [၁၂/အလန(နိုင်)၀၄၂၇၀၆]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/အနော်ရထာစက်မှုဇုန်)၊ မြေကွက်အမှတ်(S.2+ S.3+ S.4+ S.5+ S.6)/A3၊ ဧရိယာအကျယ်အဝန်း (၆. ၇၀၉)ဧကကျယ်ဝန်းသော နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ဧရိယာအကျယ်အဝန်း(၂.၂၃၆)ဧကခန့်ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော ဒေါ်ကျောက်ချီဖုန်း[၁၃/တကန(နိုင်) ၀၆၈၃၈၈]ထံမှ တရားဝင်ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်း များနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော် လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၀၀၇)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉–၆၉ ၅၁၀၂၉၃၀၊ ၀၉–၇၉ ၅၇၃၀၉၅၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၉)၊ မြေကွက်အမှတ် (၆၃၂)၊ ဧရိယာ (၄၀'x၆၀') အကျယ်အဝန်းရှိ ပါမစ်မြေကွက်သည် ဦးတင်ထွေး (W/RGN–၀၁၆၅၀၄)[၁၂/သဃက(နိုင်)၀၃၁၀၆၇]မှ အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဝေ (စဉ်–၇၁၂၄)** **ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်–၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉– ၇၇၅၁၄၄၄၀၁၊ ၀၉– ၇၇၅၁၄၄၄၀၂**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်”

ကျုံပျော်မြို့နယ်၊ တာသစ်လမ်း၊ အောင်ဆန်းရပ်ကွက် ဦးစိုင်းအောင်ဖေမှ အောက်ဖော်ပြပါအမည်တံဆိပ်(၅)မျိုး

(၁) Golden Dragon၊ (၂) Chan၊ (၃) Ocean Mist၊ (၄) Crystal Flow၊ (၅) Blue Wave

အမည်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်တော် ဦးဇော်မင်းအောင်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ ဖြစ်စေ၊ Viber ဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်တွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက သတင်းစာကြော်ငြာချက်နှင့် အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထား မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုင်းအောင်ဖေ [၁၄/ကပန(နိုင်)၁၁၁၁၃၀]**
**၀၉–၄၃၁၁၂၀၄၂၊ ၀၉– ၄၂၆၃၉၅၆၉၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ လျော်ကားလမ်း၊ အမှတ်(၄၆)၊ ၄–လွှာ(ဘီ) နေ ဦးအောင်မြင့်+ ဒေါ်မြင့်မြင့်ကြည်တို့၏သား မောင်ထိန်လင်းအောင် [၁၂/ဒဂတ(နိုင်)၀၄၄၇၅၆] သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ အိမ်ပေါ်မှဆင်းသွားသဖြင့် ရာသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် မောင်ထိန်လင်းအောင်နှင့်ပတ်သက်ဆက်နွှယ်သော လူမှုရေးအရှုပ် အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်တော့ကြောင်း မောင်ထိန်လင်းအောင်နှင့် အများသိ စေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြင့်** **ဒေါ်မြင့်မြင့်ကြည်**
**[၁၂/လမတ(နိုင်)၀၁၀၇၃၁]** **[၁၂/လမတ(နိုင်)၀၁၀၇၄၉]**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်–၆/မြို့မရပ်၊ ဇဝနဒီပ ရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ဧကရှိ ဦးအောင်ကျော်ဦး၊ မှတ်ပုံတင်အမှတ် [၁၂/လကန(နိုင်)၀၁၆၈၇၆]၊ အဖအမည် ဦးအောင်မြင့်အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက်အမှတ်(ပ–၂၂၀၅၆)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင် ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်–၁၃၅၄/၂၀၂၃(၁၉–၅–၂၀၂၃)ဖြင့် မြေကွက် အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဝင်းနန္ဒာထက် မှတ်ပုံတင် အမှတ် [၅/ကဘလ(နိုင်)၂၁၆၄၂၈]၊ အဖအမည် ဦးဇော်နိုင်ဦးမှ ဒေါ်မြလေးခိုင်၊ မှတ်ပုံတင်အမှတ် [၁၀/သတန(နိုင်)၁၈၁၁၃၅]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ သနပ်ချောင်းအုပ်စု၊ မြို့ကွက်ရွာနေ (ဘ)ဦးဇော်မင်း၏ သမီး နိုင်ငံသားကတ်အမှတ် [၁၂/တကန(နိုင်)၂၂၁၉၉၅]၏ အမည်မှန်မှာ မထက်ထက်ဝေ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်–၁၂၅၊ ဦးပိုင်အမှတ်–၄၀/ ၁၉ x ၂၀ လမ်းကြား၊ ၊ ၈၆ x ၈၇ လမ်းကြားရှိဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်းဦးသန်းမြင့် ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်ငွေးညွန့် [၉/မနမ(နိုင်) ၀၄၉၅၀၄]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့၊ ဥယျာဉ်စုရပ်ကွက်၊ အောင်သိပ္ပံလမ်းရှိ ဦးပိုင်အမှတ်–က/၉၁/၃၉၊ ကွင်းအမှတ် –၇၄၈A၊ ကွင်းအမည်–တိုက်ကြီးရှမ်းစုမြောက်၊ ဧရိယာ (.၂၀)ဧက (၂၃x၁၄၀)ပေကျယ်သော ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနိုင်ဝင်း[၁၂/တကန(နိုင်)၀၀၉၇၂၃] ကိုင်ဆောင်သူနှင့် ဒေါ်ကြည်အောင် [၁၂/တကန(နိုင်)၀၉၀၆၄၀]ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နီနီအောင် [၁၂/တကန(နိုင်)၁၅၃၄၇၆]ကိုင်ဆောင်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထား များနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။ **ဒေါ်နီနီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဇာနည်ဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၉၁၄)**
**အောင်သိပ္ပံလမ်း၊ ဥယျာဉ်စုရပ်ကွက်၊ တိုက်ကြီးမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၁၄၂၅၁၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လူနေရပ်ကွက်(ပုသိမ်မြေ)၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၉၇)ဟုခေါ်တွင်သော ဧရိယာ(၀.၀၂၈)ဧကရှိ ဦးလှဟန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၁)ခန်းတွဲ (၆)ထပ်တိုက် (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးလှဟန်[၁၂/ပဘတ(နိုင်)၀၀၂၀၉၇]က အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမိုးကျော်[၁၂/ပဇတ(နိုင်)၀၃၈၃၅၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုသတင်းစာကြော်ငြာပါသည့်ရက်မှ စ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော် လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ထွေး (LLB, DBL) (စဉ်–၈၀၁၀)**
**ဒေါ်မြတ်စုသင်း (LLB) (စဉ်–၁၄၀၃၁)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(E–1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၇၃၃၆၃၅၇၀၊ ၀၉–၄၄၉၈၀၀၉၂၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(ဗမာအေး)၊ ကျောင်းလမ်း၊ မြေကွက်အမှတ်(၂၁၀)၊ အကျယ်အဝန်းပေ(၂၅ x ၅၀)ပေရှိ ဦးသိန်းယု[၁၂/ကမတ(နိုင်)၀၁၃၅၄၆]၏ နှစ်(၆၀)ဂရန်အမည်ပေါက်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလာလူး[၁၂/ဒပန(နိုင်)၀၆၆၂၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟန်ဇော်ထွေး[၉/မခန(နိုင်)၁၅၂၈၆၅]သည် (၃၀–၉–၂၀၂၅)ရက်စွဲပါ **“နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်”**ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစာခွင့်အရပ်ရပ်အားလုံးသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟန်ဇော်ထွေးတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်အကျိုး ခံစားခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဟန်ဇော်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမောင်အောင် (LL.M)** **ဒေါ်အိဖြူဇင်ခိုင်(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၈၆၈)** **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၉၃၆)**
**အမှတ်–(၃၃၅)၊ မာန်ပြေ(၈)လမ်း(အရှေ့)၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၃၃၀၇၁၅၅၊ ၀၉–၄၅၄၈၃၉၂၁၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(ဗမာအေး)၊ ကျောင်းလမ်း၊ မြေကွက်အမှတ်(၂၁၀)၊ အကျယ်အဝန်းပေ(၂၅ x ၅၀)ရှိ ဦးသိန်းယု [၁၂/ကမတ(နိုင်)၀၁၃၅၄၆]၏နှစ်(၆၀)ဂရန်အမည်ပေါက်မြေပေါ်၌ (၂)ခန်းတွဲဆောက်လုပ်ထားသော (၆)တိုက်၏ တိုက်အားမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ မြေညီ အကျယ်အဝန်း(၁၁ပေခွဲx၄၇ပေ)ရှိ တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလာလူး[၁၂/ဒပန(နိုင်)၀၆၆၂၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟန်ဇော်ထွေး[၉/မခန(နိုင်)၁၅၂၈၆၅]သည် ဝယ်ယူရန်အတွက် (၃၀–၉– ၂၀၂၅)ရက်နေ့တွင် တိုက်ခန်းအရောင်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟန်ဇော်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမောင်အောင် (LLM)** **ဒေါ်အိဖြူဇင်ခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၈၆၈)** **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၉၃၆)**
**အမှတ်–(၃၃၅)၊ မာန်ပြေ(၈)လမ်း(အရှေ့)၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း –၀၉–၄၅၃၃၀၇၁၅၅၊ ၀၉–၄၅၄၈၃၉၂၁၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(ဗမာအေး)၊ ကျောင်းလမ်း၊ မြေကွက်အမှတ်(၂၁၀)၊ အကျယ်အဝန်း ပေ(၂၅x ၅၀)ရှိ ဦးသိန်းယု [၁၂/ကမတ(နိုင်)၀၁၃၅၄၆] နှစ်(၆၀)ဂရန်အမည်ပေါက်မြေပေါ်၌ (၂)ခန်းတွဲဆောက်လုပ်ထားသော (၆)တိုက်၏ တိုက်အားမျက်နှာမူလျှင် ညာဘက်ခြမ်း၊ မြေညီ အကျယ်အဝန်း(၁၁ပေခွဲ x ၄၇ပေ)ရှိ တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလာလူး[၁၂/ဒပန(နိုင်)၀၆၆၂၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟန်ဇော်ထွေး[၉/မခန(နိုင်)၁၅၂၈၆၅]သည် ဝယ်ယူရန်အတွက် (၃၀–၉–၂၀၂၅)ရက်နေ့တွင် တိုက်ခန်းအရောင်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟန်ဇော်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမောင်အောင် (LL.M)** **ဒေါ်အိဖြူဇင်ခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၈၆၈)** **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၉၃၆)**
**အမှတ်–၃၃၅၊ မာန်ပြေ(၈)လမ်း(အရှေ့)၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၃၃၀၇၁၅၅၊ ၀၉–၄၅၄၈၃၉၂၁၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/တောင်)၊ လူနေရပ်ကွက်အမှတ်–(၂/တောင်)၊ မာန်ပြေ(၄)လမ်း၊ မြေကွက်အမှတ်–၉၅၂၊ အကျယ်အဝန်း (ပေ ၄၀ x ပေ ၆၀) ရှိမြေကွက်သည် ဦးမြင့်ဌေး[၁၂/သကတ(နိုင်) ၁၃၅၈၆၇]အမည်ဖြင့် တည်ရှိနေသည့်မြေကွက်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်စိုး[၁၂/ကတတ(နိုင်)၀၀၀၃၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလာလူး [၁၂/ဒပန(နိုင်)၀၆၆၂၇၄]သည် အထက်ဖော်ပြပါမြေကွက်အား ဝယ်ယူရန်အတွက် (၃၀–၉–၂၀၂၅) ရက်နေ့တွင် အရောင်း တန်ဖိုးငွေကျပ်တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးလာလူး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမောင်အောင် (LL.M)** **ဒေါ်အိဖြူဇင်ခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၈၆၈)** **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၉၃၆)**
**အမှတ်–၃၃၅၊ မာန်ပြေ(၈)လမ်း(အရှေ့)၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၃၃၀၇၁၅၅၊ ၀၉–၄၅၄၈၃၉၂၁၉**

❖ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ် ကြိုဆိုလျက်ရှိပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများယာယီစိုးမိုးထားသည့် ကျောက်မဲမြို့အား ပြန်လည်ထိန်းချုပ်

## ကျောက်မဲ - နောင်ချို-ပြင်ဦးလွင် ပြည်ထောင်စုကားလမ်းပိုင်းတွင် ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်းပြန်လည်သွားလာနိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁

TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်နှင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့မှစတင်ခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတိုက်ပွဲစဉ်များ၏ နောက်ဆက်တွဲအခြေအနေများကို အခွင့်ကောင်းယူ၍ အစိုးရအုပ်ချုပ်မှုယန္တရား ပျက်ပြားစေရေးနှင့် ၎င်းတို့၏ပလောင်ပြည်နယ်ရရှိရေး စိတ်ကူးယဉ်အိပ်မက်ကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံရေးနည်းလမ်းဖြင့် ရယူခြင်းမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ဖြင့် ရယူရန်အတွက် EAO အဖွဲ့အချို့၏ အကူအညီများရယူပြီး PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများကို ရှေ့ကာတပ်အဖြစ်အသုံးချကာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ကျောက်မဲမြို့နှင့် နောင်ချိုမြို့အပါအဝင် မြို့/ရွာအချို့အား ခေတ္တစိုးမိုးထိန်းချုပ်ခဲ့သည်။

ထို့ကြောင့် တပ်မတော်အနေဖြင့် TNLA အဖွဲ့နှင့် DPLA ၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် မြို့/ရွာများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) များကို ဆောင်ရွက်ခဲ့ရာ နောင်ချိုမြို့အား ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့ပြီး အဆိုပါဒေသတွင် ကုန်စည်စီးဆင်းမှုအတွက် အဓိကအရေးပါသည့် ပြည်ထောင်စုလမ်းမကြီးဖြစ်သော မန္တလေး–လားရှိုး–မူဆယ် လမ်းမကြီးပေါ်ရှိ အဓိကလမ်းပိုင်းဖြစ်သည့် နောင်ချို–ကျောက်မဲလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေး လိုအပ်သည့်နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အဆိုပါလမ်းကြောင်းတွင် စစ်ဗျူဟာအရ အဓိကအရေးပါသည့် ဂုတ်တွင်းတံတား၊ နောင်ပစ်ကျေးရွာ၊ ကညင်ကုန်းကျေးရွာ၊ ဇီးပင်ကြီးကျေးရွာနှင့်

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ☆




တပ်မတော်စစ်ကြောင်းများက ကျောက်မဲမြို့အဝင်နေရာအား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

# မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်

ရန်ကုန် အောက်တိုဘာ ၁


**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာ ချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မြောက်–အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်–အနောက်တောင်ဘက် ရေမိုင် ၄၅၀ ခန့်၊ အိန္ဒိယနိုင်ငံ ပူရီမြို့၏တောင်ဘက် ရေမိုင်၂၄၀ ခန့်၊ ဂိုလ်ပါပူမြို့၏ တောင်–အရှေ့တောင်ဘက် ရေမိုင် ၂၃၀ ခန့်နှင့် ပါရာဒစ်ပ်မြို့၏တောင်ဘက် ရေမိုင် ၂၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❂

၁–၁၀–၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၇:၃၀ နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ။




**ယနေ့ ဖတ်စရာ**



**တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်**

စာမျက်နှာ » ၉

**ပြည်တွင်းဆီစက်များ သီတင်းကျွတ်ဈေးရောင်းပွဲတော်ကျင်းပ**

စာမျက်နှာ » ၁၈